| |
|---|
| **မြတ်ဗုဒ္ဓ၏အဆုံးအမတရား** |
| နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် စျာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ ဓမ္မပဒ |

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည်မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**ဒီမိုကရေစီဖော်ဆောင်ဖို့ နိုင်ငံသားတိုင်း မဲပေးစို့။**

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com
အတွဲ(၁၅)၊ အမှတ်(၂၇၈)
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(တာဆန်း)ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

**နေပြည်တော် ဇန်နဝါရီ ၂၀**

သံလွင်မြစ်ကူးတံတား(တာဆန်း) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းပန်မြို့နယ်၊ တာဆန်းကျေးရွာအနီးရှိ အဆိုပါတံတားနေရာ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် **စာမျက်နှာ ၅ ကော်လံ ၁** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(တာဆန်း)ပေါ်တွင် ဖြတ်သန်းကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ** စာ - ၃ သို့

**ဂမ်ဘီယာနှင့်မြန်မာနိုင်ငံတို့၏အမှုနှင့်ပတ်သက်သည့်ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်ထား** စာ - ၆ သို့



# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်)

## နိုင်ငံ့စီးပွားပိုမိုဖွံ့ဖြိုးတိုးတက်ရေးကြိုးစားဆောင်ရွက်

နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလုပ်ဆောင်ရမည်မှာ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်ရေးဖြစ်သည်။ ကုန်ထုတ်လုပ်မှုကိုတိုးတက်အောင်ထုတ်လုပ်နိုင်မှသာ ပြည်သူများ၏လူမှုစီးပွားဘဝသာယာဝပြောမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရမည်ဖြစ်သည်။ ပြည်တွင်းစိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မည်ဆိုပါက နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူချိန်ကာလအတွင်း နိုင်ငံတော်မှပေးဆပ်ရန်ကျန်ရှိနေသည့်ပြည်ပချေးငွေများကိုလည်းပြန်လည်ပေးဆပ်နေရသည်။ ကုန်ထုတ်လုပ်မှုများမရှိပါက တိုင်းပြည်အနာဂတ်အတွက် စိုးရိမ်ဖွယ်ရာဖြစ်သဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအားပေးဆောင်ရွက်နေခြင်းပင်ဖြစ်သည်။ တိုင်းပြည်၏စီးပွားရေးတိုးတက်စေလိုပါက အမှန်တကယ်အလုပ်လုပ်ကြရန်လိုအပ်မည်ဖြစ်သည်။ ပြည်တွင်း၌ ထုတ်လုပ်၍ရသည့် စားကုန်၊ သောက်ကုန်၊ သုံးကုန်များကို ပြည်တွင်းလိုအပ်ချက်ကိုပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲနေရမှုများ များစွာလျော့ကျလာမည်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေးသည်လည်း တိုးတက်လာမည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇန်နဝါရီလ ၁၉ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ရှိဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား မြို့တော်ခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအားဆွေးနွေးပြောကြားစဉ် **“မိမိတို့အစိုးရတာဝန်ယူဆောင်ရွက်ချိန်တွင် အချို့နိုင်ငံများနှင့် အဖွဲ့အစည်းများအနေဖြင့် မိမိတို့နိုင်ငံအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများရှိခဲ့ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးမှာမိမိတို့အစိုးရတာဝန်မယူမီ ယခင်အစိုးရလက်ထက်ကတည်းက ကုန်သွယ်မှုလိုငွေများရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အဓိကစီးပွားရေးဖြစ်သည့် ပြည်တွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ပြီး ကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခဲ့ရာ ပိတ်ဆို့မှုများအကြားမှ ထိုက်သင့်သလောက်တိုးတက်မှုရှိလာခဲ့ကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားရေးတိုးတက်ရေး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ကုန်သွယ်မှုလိုငွေမှာ ယခင်အနုတ်လက္ခဏာပြနေရာမှ အပေါင်းလက္ခဏာသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် ဖြစ်ထွန်းနိုင်သည့်လုပ်ငန်းများအနေဖြင့် ရော်ဘာလုပ်ငန်း၊ ကော်ဖီလုပ်ငန်း၊ လက်ဖက်လုပ်ငန်းနှင့် ဒေသထွက်အိမ်မိုးအုတ်ကြွပ်ပြားလုပ်ငန်းများဖြစ်သည်။ ရော်ဘာစိုက်ပျိုးခြင်းကို အောင်မြင်အောင်ဆောင်ရွက်၍ ရော်ဘာကိုအခြေခံသည့် ဒေသနှင့်ပြည်တွင်းလိုအပ်ချက် ရော်ဘာထုတ်ကုန်များထုတ်လုပ်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကိုများစွာအကျိုးဖြစ်စေနိုင်သည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှလမ်းညွှန်မှာကြားချက်များအပြင် ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးနှင့် အခြားထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒေသတွင်းယခင်ကတည်းကရှိပြီးဖြစ်သည့် အိမ်မိုးသည့်အုတ်ကြွပ်များကို အဆင့်မီထုတ်လုပ်နိုင်ရေး စက်မှုဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားနိုင်ကြောင်း နိုင်ငံတော်အကြီးအကဲကလမ်းညွှန်ခဲ့သည်။ ဒေသတွင်း၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များတိုးတက်လာသည်နှင့်အမျှ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကိုအခြေခံသည့် စက်မှုလုပ်ငန်းများသည်လည်း တိုးတက်လာမည်ဖြစ်သည်။ ထို့အတူ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုဖြစ်ပေါ်လာမည်ဖြစ်ပြီး ဒေသ၏လူမှုစီးပွားဘဝသည်လည်း များစွာပြောင်းလဲတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံအတွင်း ပြည်တွင်းစားသုံးဆီလိုအပ်ချက်အတွက် နှစ်စဉ်ပြည်ပမှ ဝယ်ယူတင်သွင်းနေရခြင်းသည်လည်း တိုင်းပြည်အတွက်နစ်နာမှုပင်ဖြစ်သည်။ ဆီထွက်သီးနှံများကို ပြည်တွင်း၌ အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်သည်ဖြစ်သဖြင့် ပြည်တွင်းလိုအပ်ချက်ပြည့်မီအောင်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း လူဦးရေ ၁ သန်းခန့်ရှိပြီး ဒေသတွင်းစားရေးဖူလုံမှုကို ဖော်ဆောင်ပေးရမည်ဖြစ်သည်။ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ဒေသ၏လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရန် စဉ်ဆက်မပြတ်တွက်ချက်နေရမည်ဖြစ်သည်။ ဒေသတွင်းနေထိုင်ကြသူများ စားရေးကိုသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရေး ဒေသတွင်းစိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖူလုံစွာထုတ်လုပ်ပေးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား စုပေါင်းလုပ်ကိုင်သည့် သမဝါယမစနစ်ဖြင့်ဆောင်ရွက်ကာ လုပ်ငန်းတူပေါ်တွင် စိတ်တူကိုယ်တူ အစုအဖွဲ့ဖြင့်လုပ်ကိုင်မည်ဆိုပါက နိုင်ငံတော်မှလည်း လိုအပ်သည့်ရင်းနှီးမတည်ငွေများ အားပေးဆောင်ရွက်သွားမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်နှင့်အညီ ဒေသရှိတာဝန်ရှိသူများ၊ လုပ်ငန်းရှင်များအားလုံးက မိမိတို့ဒေသစီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်ရေးကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၂၅၀ အား စာရေးတံမဲနှင့်ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

ပဲခူး ဇန်နဝါရီ ၂၀

ပဲခူးမြို့နယ်လုံးဆိုင်ရာ ပုညကာရီဆွမ်းလောင်းအသင်းကြီးမှကြီးမှူး၍ ပဲခူးမြို့ရှိ သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၂၅၀ အား စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီလ ၁၉ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ သမိန်ဗရမ်းလမ်းရှိ ပုညကာရီဆွမ်းလောင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပုညကာရီဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် အကျိုးတော်ဆောင်ဦးသိန်းအေးတို့က စာရေးတံမဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သမိန်ဗရမ်းလမ်းမကြီးရှိအသင်းဓမ္မာရုံမှစတင်ကာ ဗိုလ်မင်းရောင်လမ်း၊ ရှုခင်းသာလမ်းအတိုင်း အလှူတော်မဏ္ဍပ်များမှစေတနာရှင်များ လှူဒါန်းသောဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အလှူခံပြီး ပုညကာရီဆွမ်းလောင်းအသင်းနှင့် စေတနာရှင်များစုပေါင်းလှူဒါန်းသည့်အလှူငွေကျပ် ၃၅၄၀၀၀၀၀ အား ကြွရောက်လာကြသည့် သီလရှင်ဆရာကြီး၊ ဆရာလေးအပါး ၂၅၀ တို့အား စာရေးတံမဲများလှူဒါန်းပေးကြောင်း သိရသည်။

**အောင်ဖြိုးလင်း(၄၁၀)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် | ၉။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၂။ | ၀၈:၀၀ | မောင်မယ်လေးများသိစေချင် | ၁၀။ | ၁၇:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၃။ | ၀၉:၀၀ | ကျန်းမာသုတ | ၁၁။ | ၁၈:၂၀ | ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၄။ | ၁၀:၀၀ | နိုင်ငံတကာသတင်း | ၁၂။ | ၁၉:၀၀ | CGTN Nature အပိုင်း(၂၅) |
| ၅။ | ၁၁:၀၀ | Sport Review | ၁၃။ | ည ၈ နာရီ | နိုင်ငံတကာသတင်း |
| ၆။ | ၁၂:၀၀ | ပန်းတို့၏အလှတရား | ၁၄။ | သတင်း | မိုးလေဝသသတင်း |
| ၇။ | ၁၃:၀၀ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် | ၁၅။ | အပြီး | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ |
| | | | ၁၆။ | | ခရီးလည်းသွားစကားလည်းဆို |
| ၈။ | ၁၅:၀၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၇။ | | တရားတော် |

## MWD Education, Knowledge & Sports Channel

၂၁-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၀ | Grade - 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၈:၄၀ | Grade - 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၈:၄၀ - ၁၉:၂၅ | Grade - 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၉:၂၅ - ၂၀:၂၀ | Grade - 7 | သမိုင်း၊ သိပ္ပံ |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၉ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ လ ၂၀ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများအမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲများက တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ ( ခ ) နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည် -

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၁) | ဦးနေလင်းစိုး | ၅/တဆန(နိုင်)၀၉၄၅၁၈ | မိုးကောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂) | ဦးစောမျိုးမြင့် | ၃/ဖပန(နိုင်)၀၀၅၁၇၁ | ဖာပွန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃) | ဒေါ်နန်းစောမြ | ၃/ဖပန(နိုင်)၀၀၅၀၆၂ | လှိုင်းဘွဲ့မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၄) | ဦးဇေယျာစိုး | ၅/မမတ(နိုင်)၀၄၉၅၇၀ | မြင်းမူမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅) | ဦးသောင်းထိုက် | ၅/ခဥတ(နိုင်)၀၅၀၁၅၈ | ချောင်းဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆) | ဦးတင်ဝင်း | ၅/အရတ(နိုင်)၀၆၃၉၄၇ | အရာတော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၇) | ဦးသိန်းလွင် | ၆/ကစန(နိုင်)၀၃၇၆၅၁ | ကျွန်းစုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၈) | ဦးထင်ပေါ် | ၆/တသရ(နိုင်)၀၀၁၃၃၂ | တနင်္သာရီမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၉) | ဦးပွင့်ဆန်း | ၇/ကတခ(နိုင်)၀၀၁၄၇၇ | ဒိုက်ဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးဇော်ဝင်း | ၇/ရကန(နိုင်)၀၂၄၆၆၂ | ရွှေကျင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးသက်တင်ထွန်း | ၇/ထတပ(နိုင်)၀၀၃၆၉၄ | ထန်းတပင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးထွန်းကိုကို | ၇/တငန(နိုင်)၁၄၁၈၈၇ | ရေတာရှည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဉာဏ်ဝင်း | ၈/မကန(နိုင်)၀၁၄၂၈၂ | ဧးကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဒေါ်ဝင်းဝင်းမော် | ၇/ပတတ(နိုင်)၀၀၀၃၂၃ | ပေါင်းတည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၅) | ဦးမျိုးမြင့် | ၇/ကဝန(နိုင်)၀၄၀၈၁၄ | ကဝမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးတင်မျိုးဝင်း | ၇/သနပ(နိုင်)၀၁၈၂၈၇ | သနပ်ပင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၇) | ဦးသန်းထူးအောင် | ၇/ပခတ(နိုင်)၀၁၇၉၀၀ | ပေါက်ခေါင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးသန်းဇော် | ၇/ပတန(နိုင်)၀၄၈၃၈၂ | ပန်းတောင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးညွန့်မင်းစိုး | ၇/မညန(နိုင်)၀၅၀၉၂၈ | မိုးညိုမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးမျိုးသန့် | ၇/မလန(နိုင်)၀၆၅၀၈၃ | မင်းလှမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)** | | | | |
| (၂၁) | ဒေါ်သိင်္ဂီအောင် | ၉/စကတ(နိုင်)၀၀၁၂၁၁ | စဉ့်ကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဦးဝင်းမြင့် | ၉/ကပတ(နိုင်)၀၂၇၄၄၆ | ကျောက်ပန်းတောင်း မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးကျော်မိုးသက် | ၁၂/မဂဒ(နိုင်)၀၁၆၃၁၁ | တံတားဦးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးသိန်းလွင် | ၉/မနတ(နိုင်)၀၃၀၄၁၂ | ပြည်ကြီးတံခွန် မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးယဉ်မောင်ထွန်း (ခ)ဦးယဉ်မောင်ဟိန်း | ၉/မခန(နိုင်)၀၀၀၃၄၅ | မဟာအောင်မြေ မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးထွန်းထွန်းဦး | ၉/ဝတန(နိုင်)၀၃၂၁၅၃ | ဝမ်းတွင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဦးလွင်မျိုးထွန်း | ၉/သစန(နိုင်)၀၈၈၇၀၁ | သာစည်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးဇော်အောင်ထက် | ၉/မဟမ(နိုင်)၀၀၉၅၉၈ | အမရပူရမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၂၉) | ဦးနန်းဝင်းထွေး | ၉/မတရ(နိုင်)၁၁၉၈၇၅ | မတ္တရာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**စာမျက်နှာ ၄ သို့ ▲**

▲ စာမျက်နှာ ၃ မှအဆက်

**ရန်ကုန်တိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၃၀) | ဒေါ်ရီရီတင် | ၁၂/ဗဟန(နိုင်)၀၅၁၅၁၉ | ဗဟန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးမြင့်ခိုင် | ၁၂/ပဘတ(နိုင်)၀၁၃၈၈၈ | ပန်းဘဲတန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၂) | ဦးနေဝင်း | ၁၂/လသန(နိုင်)၀၀၂၄၃၄ | လသာမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးကျော်ဇင်ဟိန်း | ၁၂/ကမန(နိုင်)၀၆၁၈၅၆ | ကော့မှူးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးတင်လင်း | ၁၂/ကခက(နိုင်)၀၅၂၁၉၆ | ကွမ်းခြံကုန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၅) | ဒေါ်ဇာခြည်လင်း | ၁၂/ဒဂမ(နိုင်)၀၁၀၄၅၃ | ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးသက်နိုင် | ၁၂/ဒပန(နိုင်)၀၂၇၃၃၃ | ဒေါပုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးစည်သူကြည်မြင့် | ၁၂/ဥကမ(နိုင်)၁၇၉၀၃၆ | ပုဇွန်တောင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးစိုးမိုးအောင် | ၁၂/လမန(နိုင်)၁၂၂၃၉၆ | လှိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၃၉) | ဦးအောင်ကျော်မိုး | ၁၂/ဥကတ(နိုင်)၁၃၂၂၃၅ | တောင်ဥက္ကလာပ မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးအောင်နိုင်သူ | ၉/မနမ(နိုင်)၀၆၇၁၁၄ | ကိုကိုးကျွန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဒေါ်ခင်သက်မာ | ၁၂/ကမတ(နိုင်)၀၃၉၃၇၈ | ကြည့်မြင်တိုင် မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၄၂) | ဦးသူရိန်လင်း | ၁၂/ဗဟန(နိုင်)၀၂၄၀၄၆ | အင်းစိန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ရှမ်းပြည်နယ်(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၄၃) | ဦးစိုင်းသန်းထွန်း(ခ) ဦးသိန်းသန်းထွန်း | ၁၃/ရငန(နိုင်)၀၄၀၆၈၃ | ရွာငံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ဓနုတိုင်းရင်းသားလူမျိုး များဒီမိုကရေစီပါတီ |
| (၄၄) | ခွန်သန်းထူး | ၁၃/ဆဆန(နိုင်)၀၁၅၆၂၃ | ဆီဆိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)ပါတီ |
| (၄၅) | ဦးခွန်ထွန်းဖြူ | ၁၂/ဗဟန(နိုင်)၀၁၇၆၈၀ | ကလောမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဦးအောင်ကျော်ညွှန့် | ၁၃/ရစန(နိုင်)၀၃၆၄၇၄ | ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဒေါ်နန်းဆိုင်မွန်း | ၁၃/လရန(နိုင်)၁၂၆၆၃၂ | တန့်ယန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၈) | ဦးစိုင်းခမ်းကော် | ၁၃/မရတ(နိုင်)၀၀၅၉၅၄ | မိုင်းရယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | ဦးဝင်းလှိုင် | ၉/ပသက(နိုင်)၀၀၁၄၅၂ | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၅၀) | ဦးစိုင်းကျော်မိုး | ၁/မကန(နိုင်)၀၀၈၄၉၁ | မိုင်းပန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၁) | ခွန်ဟန်သိန်းဦး | ၁၃/တကန(နိုင်)၀၆၅၅၅၆ | မောက်မယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၂) | ဒေါ်နန်းမှတ်နွမ်း | ၁၃/လရန(နိုင်)၀၀၃၈၄၇ | မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |
| (၅၃) | ဒေါ်နန်းအက်(စ်) ကီးမိုး | ၁၃/လခန(နိုင်)၀၂၅၇၁၄ | လဲချားမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ရှမ်းနှင့်တိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ) |

**ဧရာဝတီတိုင်းဒေသကြီး(မဲအများဆုံးရသူအနိုင်ယူစနစ်)**

| | | | | |
|---|---|---|---|---|
| (၅၄) | ဦးသိန်းထွန်း | ၁၄/ပသရ(နိုင်)၀၀၉၈၄၇ | ကျောင်းကုန်း မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၅) | စောသက်နိုင်ဦး | ၁၄/ပသရ(နိုင်)၀၃၇၄၇၈ | ကန်ကြီးထောင့် မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၆) | ဦးကိုကိုဇင် | ၁၄/သပန(နိုင်)၀၅၀၈၆၀ | သာပေါင်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၇) | ဦးကြည်ကိုကို | ၁၄/ကလန(နိုင်)၀၀၈၉၈၇ | ကျိုက်လတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၈) | ဦးကျော်ကျော်(ခ) ဦးကျော်မျိုးတင် | ၁၄/ဖပန(နိုင်)၀၀၉၈၂၈ | ဖျာပုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၅၉) | ဦးလှငွေး | ၁၄/ဘကလ(နိုင်)၀၀၇၈၅၃ | ဘိုကလေးမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၀) | ဦးမင်းကျင်စံ(ခ) ဦးဇာနည်ကျင်စံ | ၁၀/ကထန(နိုင်)၀၆၆၃၁၁ | ပန်းတနော်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၁) | ဦးစောမြသိန်း | ၁၄/ဝခမ(နိုင်)၀၁၁၄၀၃ | ဝါးခယ်မမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၆၂) | ဦးခင်မောင်ဝင်း | ၁၄/အမန(နိုင်)၀၀၇၈၅၃ | အိမ်မဲမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**ကယားပြည်နယ်လွှတ်တော်(ဗမာတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)**

| | | | | |
|---|---|---|---|---|
| (၆၃) | ဒေါ်ခင်သန္တာထွန်း | ၁၂/မဂတ(နိုင်)၁၀၀၂၃၆ | ဗမာတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**မကွေးတိုင်းဒေသကြီးလွှတ်တော်(ချင်းတိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)**

| | | | | |
|---|---|---|---|---|
| (၆၄) | ဦးထွန်းခင် | ၈/စတရ(နိုင်)၀၀၂၇၆၂ | ချင်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |

**မွန်ပြည်နယ်လွှတ်တော်(တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ်)**

| | | | | |
|---|---|---|---|---|
| (၆၅) | ဦးမျိုးမင်းလှိုင် | ၁၀/ခဆန(နိုင်)၀၀၀၆၁၄ | ဗမာတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၆) | ဦးအောင်ကျော်သိန်း | ၁၀/ကမရ(နိုင်)၀၅၄၈၅၁ | ကရင်တိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးပါတီ |
| (၆၇) | ဦးချစ်သိန်း | ၁၀/သထန(နိုင်)၁၅၀၅၃၉ | ပအိုဝ်းတိုင်းရင်းသား လူမျိုးမဲဆန္ဒနယ် | ပအိုဝ်းအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ |

**( ပုံ ) သန်းစိုး**

**ဥက္ကဋ္ဌ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

★ ရှေ့ဖုံးမှအဆက်

တိုင်းမှူးနှင့် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများတက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် သံလွင်တံတား(တာဆန်း)အား ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သံလွင်တံတား(တာဆန်း)ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ဆက်လက်၍ ကော်မရှင်အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက သံလွင်တံတား(တာဆန်း)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာဆန်း)ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာဆန်း)ပေါ်တွင်ဖြတ်သန်းကြည့်ရှုခဲ့ကြသည်။

အဆိုပါသံလွင်တံတား(တာဆန်း)အနေဖြင့် တံတားအရှည် ၈၇၆ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၃ ပေ၊ ဆိုင်ကယ်လမ်းတစ်ဖက် ၅ ပေစီဖြင့် စုစုပေါင်း တံတားအကျယ် ၃၃ ပေရှိသည့် သံမဏိသံပေါင်တံတားဖြစ်ကြောင်း၊ ရေလမ်းကင်းလွတ်အကျယ် ၂၈၀ ပေရှိကာ ရေလမ်းကင်းလွတ်အမြင့်မှာ ၃၄ ပေရှိကြောင်း၊ ပေ ၉၀၀ ရှိ သံလွင်တံတား(တာဆန်း) ကြိုးတံတားအဟောင်း၏အနီးတွင် တည်ဆောက်ထားခြင်းဖြစ်ပြီး ယခုကဲ့သို့ တံတားအသစ်ကြီး တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ကို ဆက်သွယ်ထားသည့် တောင်ကြီး-နမ့်စန်-မိုးနဲ-မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ် လမ်းကြောင်းကို အသုံးပြု၍ ကုန်စည်ကူးသန်းသွားလာမှုများကို ပိုမိုလွယ်ကူမြန်ဆန်စွာဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူများစွာဖြစ်လာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သံလွင်တံတား(တာဆန်း)ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သံလွင်တံတား(တာဆန်း) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



သံလွင်မြစ်ကူးတံတား(တာဆန်း) ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်။

❒ သံလွင်တံတား(တာဆန်း)အနေဖြင့် တံတားအရှည် ၈၇၆ ပေရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၃ ပေ၊ ဆိုင်ကယ်လမ်းတစ်ဖက် ၅ ပေစီဖြင့် စုစုပေါင်း တံတားအကျယ် ၃၃ ပေရှိသည့် သံမဏိသံပေါင်တံတားဖြစ်၊ ရေလမ်းကင်းလွတ်အကျယ် ၂၈၀ ပေရှိကာ ရေလမ်းကင်းလွတ်အမြင့်မှာ ၃၄ ပေရှိ . . .

❒ တံတားအသစ်ကြီးတည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့်ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ကို ဆက်သွယ်ထားသည့် တောင်ကြီး-နမ့်စန်-မိုးနဲ-မိုင်းပန်-မိုင်းတုံ-မိုင်းဆတ်-တာချီလိတ်လမ်းကြောင်းကို အသုံးပြု၍ ကုန်စည်ကူးသန်းသွားလာမှုများကို ပိုမိုလွယ်ကူမြန်ဆန်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ် . . .

# ဂမ်ဘီယာနှင့်မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်သည့်ကြားနာပွဲတွင် မြန်မာနိုင်ငံ၏ရှေ့နေများက ဆက်လက်တုံ့ပြန်ချေပလျှောက်ထား

နေပြည်တော် ဇန်နဝါရီ ၂၀

ဂမ်ဘီယာနှင့်မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ကြားနာပွဲ (Oral Hearing ) ကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ မြန်မာနိုင်ငံ၏ ပထမအကျော့တင်ပြလျှောက်ထားခြင်းကို ဇန်နဝါရီလ ၁၉ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ ညနေ ၆ နာရီအထိ ပြုလုပ်ခဲ့ရာ ရှေးဦးစွာ မြန်မာနိုင်ငံ၏ရှေ့နေ Mr. Sam-Bloom Cooper နှင့် မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr.Christopher Staker တို့က တုံ့ပြန်ချေပလျှောက်လဲခဲ့သည်။




ထို့နောက် **မြန်မာနိုင်ငံ၏ရှေ့နေ Ms.Leigh Lawrie က အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဟုဆိုကာ တပ်မတော်က ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေရန်ရည်ရွယ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီရွာတိုင်းတွင် စစ်ဆင်ပုံ (pattern of conduct) ကို တစ်ပုံစံတည်းဆောင်ရွက်ခဲ့ကြောင်း ဂမ်ဘီယာကစွပ်စွဲမှုကို ရွာ ၄၂ ရွာဖြစ်စဉ်များနှင့်ကိုးကားတုံ့ပြန်ချေပခဲ့ပြီး** မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ဖြင့် ချမှတ်ခဲ့ပြီး ခွဲခြားဆက်ဆံသည်ဟု ဂမ်ဘီယာက စွပ်စွဲထားသောဥပဒေများနှင့် မူဝါဒများနှင့် စပ်လျဉ်း၍ ချေပလျှောက်လဲခဲ့သည်။ **(မြန်မာနိုင်ငံ၏ရှေ့နေ Ms. Leigh Lawrie နှင့် မြန်မာနိုင်ငံ၏ဦးဆောင်ရှေ့နေ Mr. Christopher Staker တို့၏ တုံ့ပြန်ချေပလျှောက်လဲချက်များကို သီးခြားဖော်ပြထားပါသည်။)** မြဝတီ

## အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးဟုဆိုကာ တပ်မတော်က ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေရန်ရည်ရွယ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီရွာတိုင်းတွင် စစ်ဆင်ပုံ (pattern of conduct) ကို တစ်ပုံစံတည်းဆောင်ရွက်ခဲ့ကြောင်း ဂမ်ဘီယာကစွပ်စွဲမှုကို မြန်မာနိုင်ငံ၏ရှေ့နေ Ms. Leigh Lawrie က ရွာ ၄၂ ရွာဖြစ်စဉ်များနှင့် ကိုးကားတုံ့ပြန်ချေပချက်

မြန်မာအနေဖြင့် လူမျိုးသုဉ်းစေရန်ရည်ရွယ်ချက်မရှိကြောင်းကို ရွာများတွင်ဖြစ်ပွားခဲ့မှုများကို အသေးစိတ်ခွဲခြမ်းစိတ်ဖြာ လေ့လာလျှောက်လဲမည်ဖြစ်ကြောင်း။

ဂမ်ဘီယာ၏အဓိကစွပ်စွဲချက်မှာ တပ်မတော်သည် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီရွာများကို တစ်ပုံစံတည်းစစ်ဆင်ခဲ့ပြီး ရွာတိုင်းတွင် လူပေါင်းရာချီကို သတ်ဖြတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတို့ကို တစ်ပုံစံတည်းပြုလုပ်ခဲ့သည်ဟုဆိုကာ လူမျိုးသုဉ်းစေရန်ရည်ရွယ်ခဲ့သည်ဟု စွပ်စွဲထားခြင်းဖြစ်ကြောင်း၊ ဂမ်ဘီယာအနေဖြင့် ယင်းစွပ်စွဲမှုကိုသက်သေပြနိုင်ခြင်းမရှိပါက လူမျိုးသုဉ်းစေမှုမမြောက်ပါကြောင်း၊ ထို့ကြောင့် တပ်မတော်က ရွာတိုင်းတွင် စစ်ဆင်ပုံ (pattern of conduct) တစ်ပုံစံတည်းမဟုတ်ကြောင်း ရှင်းလင်းလျှောက်လဲသွားမည်ဖြစ်ကြောင်း။

ပထမအချက်အနေဖြင့် ဂမ်ဘီယာအနေဖြင့် စုစုပေါင်းရွာမည်မျှတွင် တစ်ပုံစံတည်းဆောင်ရွက်ထားသည်ကို ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ ၎င်းတို့၏ အဆိုလွှာတွင် အဓိက ၃ နေရာ၊ အခြား ၃၈ ရွာဖော်ပြခဲ့ကြောင်း၊ ဒုတိယမြောက်အဆိုလွှာတွင် နောက်ထပ်ရွာ ၄ ရွာ ထပ်မံဖော်ပြခဲ့သဖြင့် စုစုပေါင်းရွာ ၄၆ ရွာကို ဆိုလိုခြင်းဟုယူဆရပြီး ယခင်က ရွာပေါင်းရာချီဟုဆိုလိုခြင်း မဖြစ်နိုင်ကြောင်း၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လဖြစ်စဉ်မတိုင်မီ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဘင်္ဂါလီရွာ သို့မဟုတ် ဘင်္ဂါလီရှိသည့်ရွာ စုစုပေါင်း ၅၀၉ ရွာ ရှိကြောင်း၊ သို့ဖြစ်ရာ ဂမ်ဘီယာက ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီနေထိုင်သည့် ရွာများထဲမှ ၁၀ ရာခိုင်နှုန်းသော ရွာများကို စွပ်စွဲနေခြင်း ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် စစ်ဆင်ရေးတစ်ပုံစံတည်းဆောင်ရွက်ခဲ့ခြင်းဆိုသည့် consistent pattern စွပ်စွဲချက်ကို သက်သေအထောက်အထားအခိုင်အလုံ



ဖြင့် လေ့လာဖော်ပြနိုင်ခြင်းမရှိကြောင်း၊ တစ်ပုံစံတည်းဟုဆိုရာတွင် ရွာအားလုံးတွင် ထပ်ခါတလဲလဲဖြစ်ရပ်များရှိရန်လိုအပ်ကြောင်း၊ သို့မဟုတ်ပါက စွပ်စွဲချက်မှာ ခန့်မှန်းချက်သက်သက်သာ ဖြစ်သည်ဟုသာ ယူဆနိုင်ကြောင်း။

တတိယအချက်အနေဖြင့် စွပ်စွဲချက်များကို တိတိပပဖော်ပြနိုင်ခြင်းမရှိသလို သက်သေထွက်ဆိုချက်များတွင် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်သည့်ရက်တွင် မည်သည့်နေရာ၌ဖြစ်ပွားကြောင်းကို ဖော်ပြနိုင်ခြင်းမရှိကြောင်း၊ စွပ်စွဲချက်များတွင် "လျှာနှင့်လက်များပြတ်နေသည်"၊ "ရာပေါင်းများစွာသော အလောင်းများကို သစ်ပင်၌ချိတ်ဆွဲထားသည်"၊ "ဦးခေါင်းများ ဘောလုံးများကဲ့သို့ ရေထဲ၌မျောနေသည်" ဆိုသည့် စွပ်စွဲချက်များကို Public International Law & Policy Group(PILPG) နှင့် US State Department တို့မှရရှိသည်ဟု သိရှိရကြောင်း၊ PILPG ၏ အစီရင်ခံစာတွင် မေးမြန်းချက်များသာ ဖြစ်ပြီး US State Department အစီရင်ခံစာက အချက်အလက်များအား မည်သို့ရရှိထားသည်ကို ဖော်ပြထားခြင်းမရှိကြောင်း၊ အဆိုပါအချက်အလက်များသည် ခံစားချက်အပြည့်ပါသော်လည်း ယခုကိစ္စသည် ခံစားချက်ကိုဖော်ကျူးရန်မဟုတ်ကြောင်း၊ ယင်းသို့ မသေချာမရေရာသည့် စွပ်စွဲချက်များကို မြန်မာသာမက မည်သည့်နိုင်ငံမှ အပြုသဘောတုံ့ပြန်ရန်မဖြစ်နိုင်ကြောင်း။

စတုတ္ထအချက်အနေဖြင့် ဂမ်ဘီယာက သက်သေခိုင်လုံမှုကိုပြသရမည့်အစား မြန်မာက သက်သေအထောက်အထားများအား အသေးစိတ်လေ့လာပေးနေရကြောင်း၊ မြန်မာအနေဖြင့် တစ်ရွာချင်းကို သုံးသပ်လေ့လာခဲ့ရာ ဂမ်ဘီယာကစွပ်စွဲသကဲ့သို့ ရွာ ၄၆ ရွာတွင် တစ်ပုံစံတည်း စစ်ဆင်ရေးပြုလုပ်ခဲ့သည်မှာ မှန်ကန်မှုမရှိသည်ကို တွေ့ရှိရကြောင်း။

သို့ဖြစ်ရာ စစ်ဆင်ရေးဆောင်ရွက်ပုံရှိခဲ့သည်ဟု ဖော်ပြမည်ဆိုပါက တပ်မတော်အနေဖြင့် ARSA အကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်မှုကို တုံ့ပြန်ခြင်းသာဖြစ်ကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် ပစ်မှတ်ကို အဓိကထားချေမှုန်းခြင်းဖြစ်ပြီး အချိန်အကန့်အသတ်ဖြင့်သာဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း။

ဂမ်ဘီယာ၏ စွပ်စွဲချက်များတွင် ပါရှိသော ရွာ ၄၂ ရွာဖြစ်သည့် ဂူတာပြင်၊ အလယ်သံကျော်၊ မြင်းလွတ်၊ ကျောက်ပန္နူ၊ ကိုးတန်ကောက်/ ချိန်ခါလီ၊ အင်းဒင်၊ ဒိုးတန်း၊ ငါးခူရ၊ ငါးစားကြူး၊ ကြက်ရိုးပြင်၊ ပွင့်ဖြူချောင်း၊ ဦးရှည်ကျ၊ မျောတောင်၊ ရေခတ်ချောင်းဂွဆုံ၊ ဒါးကြီးဇား၊ ဝပိတ်၊ ဒါးပိုင်ဆရာ၊ ငန်းချောင်း၊ ဖားဝတ်ချောင်း၊ ဇင်ပိုင်ညာ၊ ကြိမ်ချောင်း/ ဒုံးပိုက်/ ရီးဒါး၊ လောင်းဒုံ၊ နောင်ဒါခါလီ၊ ဖောင်တော်ပြင်၊ ခြင်းသမား၊ မောင်ကြီးထောင့်၊ ခုံတိုင်/ မြောင်းနား၊ ယင်းမကျောင်းတောင်၊ တောင်ဘဇာ၊ သဘော်ကွဲ၊ ဖက်လိပ်၊ ဂေါ်ဒုသာရ၊ လာဘာဒေါင်၊ ဟန်ချာမဂူလန်၊ ကွမ်းသီးပြင်၊ တမန်းသား၊ ဒုအိုးသည်မ၊ ကာလာဒေးဖက်၊ သပြေတော၊ ပန်းဘဲချောင်းများကို အသေးစိတ်လေ့လာကြည့်ခဲ့ပါကြောင်း။

ယင်းသို့လေ့လာကြည့်ရာတွင် ပထမအချက်အနေဖြင့် ဂမ်ဘီယာ အဓိကစွပ်စွဲချက်မှာ တပ်မတော်အနေဖြင့် ရခိုင်ပြည်နယ်ရှိ ရာချီသောဘင်္ဂါလီရွာများကို တစ်ပုံစံတည်း စစ်ဆင်တိုက်ခိုက်ခဲ့ပြီး ယင်းကို ရွာ ၄၆ ရွာဖြင့် သက်သေပြခဲ့သည်ကိုတွေ့ရှိခဲ့ကြောင်း။

ဒုတိယအချက်အနေဖြင့် အသေးစိတ်လေ့လာတွေ့ရှိချက်များအရ အထူးသဖြင့် ရွာ ၄၂ ရွာတွင် စစ်ဆင်ရေးကိုတစ်ပုံစံတည်းပြုလုပ်သည်ကို မတွေ့ရှိရကြောင်း၊ ရွာ ၁၇ ရွာ သို့မဟုတ် စွပ်စွဲခံရသည့်ရွာအားလုံး၏ တစ်ဝက်နီးပါးတွင် မည်သည့်လိင်အကြမ်းဖက်မှုမျိုးမျှ ဖြစ်ပွားခဲ့သည်ဟုစွပ်စွဲထားခြင်းမရှိကြောင်း၊ ရွာ ၁၂ ရွာ သို့မဟုတ် ရွာအားလုံး၏ လေးပုံတစ်ပုံတွင် သတ်ဖြတ်မှုများမရှိခဲ့ကြောင်း၊ ဖြစ်ပွားခဲ့သည့်ရွာ ၁၁ ရွာဆိုသည်မှာ ၂၀၁၆ ခုနှစ်က ဖြစ်စဉ်များဖြစ်ကြောင်း၊ ရွာ ၃ ရွာတွင် စွပ်စွဲမှုတစ်ခုသာရှိပြီး သေဆုံးသူတစ်ဦးသာရှိကြောင်း။

တတိယအချက်အနေဖြင့် ရွာတစ်ရွာချင်းစီကို အသေးစိတ်လေ့လာရာတွင် တပ်မတော်က ARSA ၏ အကြမ်းဖက်မှုကိုတုံ့ပြန်တိုက်ခိုက်ခြင်း၊ အချိန်အကန့်အသတ်ဖြင့်သာ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် အာဆာအကြမ်းဖက်တိုက်ခိုက်မှုများမှာ ပူးပေါင်းချိတ်ဆက်ပြီး ဆက်တိုက်တိုက်ခိုက်ခဲ့သည်ကို တွေ့ရှိရသဖြင့် ထိုအချိန်ကာလအပိုင်းအခြားတွင် အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဂမ်ဘီယာက "တပ်မတော်၏ စစ်ဆင်ရေးကို အံ့ဩဖွယ်ရာ တိုက်ဆိုင်မှု"၊ "ရွာ ၇၆ ရွာကို တစ်ပြိုင်တည်းတိုက်ခိုက်မှုကို မတော်တဆဟု ဆို၍မရကြောင်း" ဟူသောစွပ်စွဲချက်များကို ကြည့်ခြင်းအားဖြင့် ထိုအချိန်ကာလတွင် မြေပြင်၌ ဖြစ်ပွားခဲ့သည့်အခြေအနေများကို အသိအမှတ်ပြုရန် ပျက်ကွက်နေကြောင်း၊ ဂမ်ဘီယာသည် ယခုထက်တိုင် မြန်မာကဖော်ညွှန်းသည့် ARSA ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ငြင်းဆိုခြင်းမပြုသော်လည်း မသိကျိုးကျွံပြုသည့် ရပ်တည်ချက်ထားရှိသည်မှာ ရိုးသားမှုမရှိကြောင်း လျှောက်လဲခဲ့ပါသည်။

# ဘင်္ဂါလီများအပေါ် လူမျိုးသုဉ်းစေလိုသည့်ရည်ရွယ်ချက်ဖြင့်ချမှတ်ခဲ့ပြီး ခွဲခြားဆက်ဆံသည်ဟု ဂမ်ဘီယာကစွပ်စွဲထားသောဥပဒေများနှင့် မူဝါဒများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ ဦးဆောင်ရှေ့နေ Mr. Christopher Staker က ချေပလျှောက်လဲချက်

မြန်မာနိုင်ငံသည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများအပေါ် ခွဲခြားဆက်ဆံသည့်ဥပဒေများနှင့် မူဝါဒအမျိုးမျိုးကိုကျင့်သုံးခဲ့သည်ဟု လူမျိုးသုဉ်းစေမှု၏ ရှေ့ပြေးနိမိတ်များ သို့မဟုတ် ၎င်းတို့ကိုယ်တိုင် လူမျိုးသုဉ်းစေမှုလုပ်ရပ်များဖြစ်သည်ဟု စွပ်စွဲထားခြင်းအပေါ် မြန်မာနိုင်ငံ၏ ချေပလွှာတစ်ခုချင်းစီ၏ အခန်း (၁၀) တွင် တုံ့ပြန်ထားပြီးဖြစ်ပါကြောင်း၊ ယင်းစွပ်စွဲချက်များကိုကြည့်ပါက ဂမ်ဘီယာအနေဖြင့် သတိမမူဘဲ အဆုံးစွန်သောစွပ်စွဲချက်များကို လက်လွတ်စပယ်ပြုလုပ်နေသည်မှာ ထင်ရှားပါကြောင်း။

မြန်မာနိုင်ငံသည် ၁၉၈၂ ခုနှစ်တွင် နိုင်ငံသားဖြစ်မှု ဥပဒေအရ နိုင်ငံသားအမျိုးအစားသုံးမျိုးကိုသတ်မှတ်ခဲ့ပြီး ၎င်းတို့ကို "နိုင်ငံသား"၊ "ဧည့်နိုင်ငံသား"နှင့် "နိုင်ငံသားပြုခွင့်ရသူ"ဟု ခေါ်ဆိုပါကြောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် "နိုင်ငံတော်ကောင်စီက အခါအားလျော်စွာသတ်မှတ်သော အခွင့်အရေးများမှ အပ.. [အပြည့်အဝ] နိုင်ငံသားတစ်ဦး၏ အခွင့်အရေးများကို" ခံစားခွင့်ရှိပါကြောင်း၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူတစ်ဦးသည် ရွေးကောက်ပွဲများတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသော်လည်း ကိုယ်စားလှယ်လောင်းအဖြစ် အရွေးချယ်ခံပိုင်ခွင့်မရှိပါကြောင်း၊ သို့သော်လည်း ၎င်းတို့သည် နိုင်ငံသားကဲ့သို့ပင် မြန်မာနိုင်ငံ၏ မည်သည့်နေရာတွင်မဆို နေထိုင်အလုပ်လုပ်ကိုင်နိုင်ပြီး မြန်မာနိုင်ငံကူးလက်မှတ်ရရှိပိုင်ခွင့်ရှိပါကြောင်း၊ ဤဥပဒေပါ မည်သည့်အချက်မျှ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီများအပေါ်သာ သီးသန့်သက်ရောက်ခြင်းမရှိပါကြောင်း။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် နိုင်ငံသားဖြစ်မှု သို့မဟုတ် လူမျိုးအဆင့်အတန်း တစ်မျိုးထက်ပို၍ရှိသည့် တစ်ခုတည်းသောနိုင်ငံမဟုတ်ပါကြောင်း၊ နိုင်ငံသားဖြစ်မှုပုံစံအမျိုးမျိုး တည်ရှိနေခြင်းသည် လူမျိုးသုဉ်းစေရန်ရည်ရွယ်ချက်ဖြစ်သည်ဟု ဆိုရန်ခက်ခဲပါကြောင်း၊ ဂမ်ဘီယာသည် ဘင်္ဂါလီများမှာ နိုင်ငံသားဖြစ်ခွင့် "ငြင်းပယ်ခံထားရသည်"ဟူသော အမြင်ကိုဖန်တီးရန် ကြိုးပမ်းနေပုံရပြီး ယင်းအချက်မှာ မှန်ကန်ခြင်းမရှိပါကြောင်း၊ မြန်မာနိုင်ငံအတွင်းရှိ ဘင်္ဂါလီအချို့မှာ အပြည့်အဝနိုင်ငံသားများဖြစ်ကြပြီး အချို့မှာ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများဖြစ်ကြကာ အချို့မှာမူ လျှောက်ထားပါက နိုင်ငံသားအဆင့်အတန်းတစ်မျိုးမျိုးရရှိပိုင်ခွင့်ရှိသူများ ဖြစ်ပါကြောင်း၊ အမှန်စင်စစ် ဤဥပဒေသည် ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန်ရည်ရွယ်ချက်ကို မည်သို့ဖော်ပြနေသည်ကို ဂမ်ဘီယာက ခိုင်လုံသောသက်သေအထောက်အထား တစ်စုံတစ်ရာမျှ တင်ပြနိုင်ခြင်းမရှိပါကြောင်း။

၂၀၁၅ ခုနှစ်မှစ၍ "NV"လုပ်ငန်းစဉ်အရ နိုင်ငံသားစိစစ်ခံရသူ၏ သက်သေခံကတ်ပြား "NVC" စာရွက်စာတမ်းအတွက် ကနဦးလျှောက်ထားရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားဖြစ်မှုပုံစံတစ်မျိုးမျိုးအတွက် အရည်အချင်းမပြည့်မီသူများကို နိုင်ငံသားကတ်ထုတ်ပေးမည်မဟုတ်သော်လည်း မြန်မာနိုင်ငံတွင် ဆက်လက်နေထိုင်နိုင်ပြီး NVC ကို ဆက်လက်ကိုင်ဆောင်နိုင်ပါကြောင်း။

ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီအမြောက်အမြားသည် မြန်မာနိုင်ငံ အခြားနေရာများမှသူများကဲ့သို့ပင် NVC လျှောက်ထားခဲ့ကြပါကြောင်း၊ ထိုသို့လျှောက်ထားသူများအနက် အများစုသည် နောက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူစိစစ်ရေးကတ်ပြားများရရှိခဲ့ကြပါကြောင်း၊ သို့သော် NVC မလျှောက်ထားသော ဘင်္ဂါလီအမြောက်အမြားလည်းရှိနေပါကြောင်း၊ NVC ကိုင်ဆောင်ထားသူသည် မိမိတို့၏မြို့နယ်အတွင်း လွတ်လပ်စွာသွားလာနိုင်ပါကြောင်း၊ ဂမ်ဘီယာသည် NVC လျှောက်ထားသော ဘင်္ဂါလီတစ်ဦးအနေဖြင့် ၎င်းတို့၏ လူမျိုးအမည်ကို "ရိုဟင်ဂျာ"ဟု ဖော်ပြခွင့်မရှိဘဲ "ဘင်္ဂါလီ" ဟုသာ ဖော်ပြရခြင်းကိုသာ အဓိကကန့်ကွက်လိုပုံရပါကြောင်း။

ဘင်္ဂါလီအမြောက်အမြား NVC လျှောက်ထားရန် ငြင်းဆန်ခဲ့ခြင်းမှာ နိုင်ငံရေးအကြောင်းပြချက်များကြောင့် သို့မဟုတ် တက်ကြွလှုပ်ရှားသူများ၏ မလျှောက်ထားရန်ဖိအားပေးမှုကို ခံခဲ့ရခြင်းကြောင့် ဖြစ်နိုင်ပါကြောင်း၊ သို့သော်လည်း လူအများစုက မြန်မာနိုင်ငံ၏ စီမံခန့်ခွဲမှုဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန်ငြင်းဆန်ခြင်းသည် မြန်မာနိုင်ငံ၏ လူမျိုးသုဉ်းစေမှုရည်ရွယ်ချက်အတွက် သက်သေမဟုတ်ပါကြောင်း၊ အချို့သောတက်ကြွလှုပ်ရှားသူများသည် ဘင်္ဂါလီများကို မွေးရာပါနိုင်ငံသားဖြစ်ခွင့် အလိုအလျောက်ရရှိမည့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားမျိုးနွယ်စုတစ်ခုအဖြစ်အသိအမှတ်ပြုရန်တောင်းဆိုနေကြခြင်းဖြစ်နိုင်ပါကြောင်း၊ သို့သော် မြန်မာနိုင်ငံက ထိုကဲ့သို့သော နိုင်ငံရေးတောင်းဆိုချက်များကို မလိုက်လျောခြင်းသည်သက်ဆိုင်ရာလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိနေခြင်းမဟုတ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ အာဏာပိုင်များသည် ဘင်္ဂါလီများအား NVC လျှောက်ထားရန်နှင့်လက်ခံရန်ဖိအားပေးနေကြောင်း ဂမ်ဘီယာ၏အဆိုကို မြန်မာနိုင်ငံက လက်ခံထားခြင်းမရှိပါကြောင်း၊ ယင်းအဆိုမှန်ကန်သည်ဖြစ်စေ ဤသည်မှာ ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန်ရည်ရွယ်ချက်ကို ဖော်ပြနေခြင်းဖြစ်သည်ဟုဆိုရန်ခက်ခဲပါကြောင်း။

ဘင်္ဂါလီအမြောက်အမြား နယ်စပ်ဖြတ်ကျော်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်ပြေးခဲ့သည့် ဖြစ်စဉ်များ ၁၉၇၈ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၁ ခုနှစ်တွင် တစ်ကြိမ်၊ နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး မြန်မာ၊ ဘင်္ဂလားဒေ့ရှ်၊ UNHCR တို့ ပူးပေါင်းသဘောတူညီချက်ဖြင့် ပြန်လည်ပို့ဆောင်ခဲ့ပါကြောင်း၊ သက်သေအထောက်အထားများအရ ထိုလူဦးရေပမာဏကိုလျှော့ချရန် (သို့) ဘင်္ဂလားဒေ့ရှ်သို့ နှင်ထုတ်ရန် လုပ်ဆောင်ခဲ့သည့် ရည်ရွယ်ချက်ကိုပင် ဖော်ပြနိုင်ခြင်းမရှိ၊ လူမျိုးသုဉ်းစေမှုပြုလုပ်သည်ဟု မသတ်မှတ်နိုင်သကဲ့သို့ စွပ်စွဲချက်များသည် အခြေအမြစ်မရှိပါကြောင်း၊ ဖြစ်စဉ်များအပြီးတွင် မြန်မာနိုင်ငံက ပြန်လည်လက်ခံရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းသည် လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ရှိနေသည်ဟူသောအချက်နှင့် ဆန့်ကျင်နေပါကြောင်း၊ ဂမ်ဘီယာက တင်ပြထားသောသက်သေများသည် UNHCR ဆိုင်ရာ အထူးကိုယ်စားလှယ်များနှင့် NGO များ၏ အစီရင်ခံစာများဖြစ်ပြီး အသေးစိတ်အချက်အလက်များ(သို့) သက်သေအထောက်အထားများမပါဝင်ဘဲ ယေဘုယျဆန်သော ဖော်ပြချက်များသာဖြစ်သည့်အတွက် သက်သေအဖြစ် အသိအမှတ်မပြုသင့်ပါကြောင်း။



"ကလေးမွေးဖွားမှုကို ကန့်သတ်ထားသည်ဆိုသော စွပ်စွဲချက်များနှင့်" စပ်လျဉ်း၍ ၂၀၁၅ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေ (၄) ခုကို ဘင်္ဂါလီများကလေးမွေးဖွားမှုကိုကန့်သတ်သည့် မျိုးစောင့်ဥပဒေများအဖြစ် စွပ်စွဲဖော်ပြထားရာ ယင်းဥပဒေများနှင့်ပတ်သက်၍ မြန်မာက အချေလွှာတွင်ထည့်သွင်းချေပခဲ့ပြီး ယင်းတို့အပေါ် ဂမ်ဘီယာကတုံ့ပြန်နိုင်ခြင်းမရှိကြောင်း၊ အစိုးရက သတ်မှတ်ထားသော နယ်မြေများတွင် သားဆက်ခြားသည့် အစီအစဉ်များအတွက် လုပ်ငန်းစဉ်များပြဋ္ဌာန်းထားခြင်းသည် နိုင်ငံလုံးဆိုင်ရာဥပဒေဖြစ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ဘင်္ဂါလီလူဦးရေကို ဦးတည်ဆောင်ရွက်ခြင်း မဟုတ်ပါကြောင်း၊ ယင်းဥပဒေကို ၎င်းတို့အပေါ် အတင်းအကျပ်ချမှတ်အကောင်အထည်ဖော်ခဲ့ခြင်းမရှိကြောင်းကို ဂမ်ဘီယာဘက်မှသက်သေများတွင် ကလေးနှစ်ဦးနှင့်အထက်ရှိနေသည်ကို ကြည့်ခြင်းဖြင့်သိနိုင်ပါကြောင်း၊ မွေးစာရင်းထုတ်ပေးရန် ပျက်ကွက်သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်ရှိ ပဋိပက္ခများအပြီးတွင် နှစ်အနည်းငယ်ကြာရပ်တန့်သွားခဲ့ရာ ၂၀၁၇ ခုနှစ်မှစ၍ မွေးစာရင်းထုတ်ပေးရန် စတင်ခဲ့ပြီး ဘင်္ဂါလီကလေးမွေးဖွားခြင်းကို ပြည်သူ့ကျန်းမာရေးဌာနသို့အကြောင်းကြားခြင်း၊ မိဘများကလည်း မွေးစာရင်းလျှောက်ထားခြင်း နည်းပါးပါကြောင်း၊ ၁/၂၀၀၅ ဒေသန္တရအမိန့်သည် ၂၀၀၅ ခုနှစ်တွင် မောင်တောမြို့နယ် ဒေသအစိုးရကထုတ်ပြန်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ရုပ်သိမ်းခဲ့သော ယာယီဒေသန္တရအမိန့်တစ်ခုဖြစ်ပြီး ယင်းဒေသန္တရအမိန့်ပါ အပိုဒ်ခွဲအားလုံးသည် မွတ်ဆလင်များသာမက မောင်တောမြို့နယ်ရှိ လူဦးရေတစ်ခုလုံးအပေါ်သက်ရောက်ခြင်းဖြစ်သည့်အတွက် ခွဲခြားဆက်ဆံမှုရှိသည်ဟု ခိုင်မာသည့်သက်သေလည်းမပြနိုင်သလို လူမျိုးသုဉ်းစေခြင်းလည်း မမည်ပါကြောင်း။

"သီးခြားခွဲထုတ်ထားရန်၊ ချုပ်နှောင်ထားရန်နှင့် ရိက္ခာဖြတ်တောက်ရန် မူဝါဒရှိခြင်း"စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ IDP စခန်းများတွင် နေထိုင်သူများသည် လွတ်လပ်စွာ ထွက်ခွာ/ သွားလာ၍အလုပ်အကိုင်များ လုပ်ကိုင်နိုင်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများကို စဉ်ဆက်မပြတ်ထောက်ပံ့ပေးလျက်ရှိပြီး စခန်းများကိုပိတ်သိမ်းရန်နှင့် ပြန်လည်နေရာချထားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အောင်မင်္ဂလာဆိုသည်မှာလည်း စစ်တွေမြို့၏ရပ်ကွက်တစ်ခုမျှသာဖြစ်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းမှု၊ လူမှုရေးနှင့် ဘာသာရေးလုပ်ငန်းများကိုမြို့နေအခြားသူများနည်းတူ လွတ်လပ်စွာဆောင်ရွက်နိုင်ကြောင်း။

"ရိုဟင်ဂျာတည်ရှိမှုကိုငြင်းပယ်ပြီး ၎င်းတို့ကို "ဘင်္ဂါလီ"ဟု ခေါ်ဆိုသည့်အချက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် "ရိုဟင်ဂျာ" ဟူသောအမည်ကို အသုံးမပြုဘဲ "ဘင်္ဂါလီ"ဟု ရည်ညွှန်းခြင်းသည် ထိုလူဦးရေတည်ရှိမှုကို ငြင်းပယ်ခြင်းမဟုတ်ဘဲ ထိုလူဦးရေသည် မြန်မာနိုင်ငံ၏ကျန်ရှိသောလူဦးရေ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ကွဲပြားပါကြောင်း၊ မြန်မာနိုင်ငံ၏ တရားဝင် ဌာနေတိုင်းရင်းသားမျိုးနွယ်စုရှစ်စုအနက် တစ်စုအဖြစ် အသိအမှတ်မပြုခြင်းသည် လူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိနေကြောင်း ဂမ်ဘီယာက သက်သေပြနိုင်ခြင်းမရှိပါကြောင်း၊ ထို့အတူ "ရိုဟင်ဂျာ" ဟူသောအမည်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ စာဖြင့် ရေးသားလျှောက်လဲချက်ပါ နောက်ခံသမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို ဂမ်ဘီယာနိုင်ငံအနေဖြင့် ပြန်လည်တုံ့ပြန်ချေပနိုင်ခြင်းမရှိကြောင်း။

အချုပ်အားဖြင့်ဆိုသော် ဂမ်ဘီယာစွပ်စွဲထားသော ခွဲခြားဆက်ဆံသည့်ဥပဒေများနှင့် မူဝါဒများသည် ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ပျက်စီးစေရန်ပြုလုပ်ခြင်းမရှိသကဲ့သို့ မြန်မာအစိုးရတွင် ဘင်္ဂါလီလူဦးရေကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိခဲ့သည်ဟု ကျိုးကြောင်းဆီလျော်သည့် ကောက်ချက်ချရန် မည်သည့်ရှင်းလင်းချက်ကိုမျှ ဂမ်ဘီယာက ပေးနိုင်ခြင်းမရှိပါကြောင်း ချေပလျှောက်လဲခဲ့ပါသည်။

---


**"ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်**

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အခုချိန်ထိလုပ်နေတာတွေက ဘယ်သူ့အတွက်လဲ မစဉ်းစားနိုင်သေးတဲ့ အကြမ်းဖက် PDF တွေရဲ့ တောကျွဲအင်းတိုက်ခိုက်မှုကြောင့် ပြည်သူတွေဒုက္ခထပ်ရောက်နေရ"** ခေါင်းစဉ်ဖြင့် ၂၁-၁-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၈-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီ တွင် **"သီပေါမြို့တွင် ဖမ်းဆီးရမိခဲ့သော ငွေလိမ်ဂိုဏ်းသုံး ဆက်စပ်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးများသည် သမိုင်းတွင် ပမာဏအများဆုံးဖြစ်လာခဲ့"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ်(FPTP)မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၁ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ်များစာရင်း ထုတ်ပြန်ကြေညာခြင်း**

၁။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန်အခြေအနေမရှိသည့် အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်( ၂ )နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ်(FPTP) မဲဆန္ဒနယ်(၂)နယ်တို့တွင် ရွေးကောက်ပွဲများကျင်းပခြင်းပြုမည်မဟုတ်ကြောင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀( စ )အရ ထုတ်ပြန်ကြေညာလိုက်သည် -

| စဉ် | မဲဆန္ဒနယ် | ပါဝင်သည့်နယ်မြေများ |
|---|---|---|
| | **ကချင်ပြည်နယ်** | |
| (က) | မံစီမြို့နယ်မဲဆန္ဒနယ် | မံစီမြို့နယ်တစ်ခုလုံး။ |
| ( ခ ) | မိုးမောက်မြို့နယ်မဲဆန္ဒနယ် | မိုးမောက်မြို့နယ်တစ်ခုလုံး။ |

၂။ သို့ဖြစ်၍ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်ကာ အပိုင်းလိုက်ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၂၆၃ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် ( FPTP ) မဲဆန္ဒနယ် ၇၃ နယ်၊ အချိုးကျကိုယ်စားပြုစနစ် ( PR ) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီး လွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၅၅ နယ်၊ တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် ( PR ) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမရှိသည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၂ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက် )

**ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမရှိသည့် နယ်မြေများစာရင်း ထုတ်ပြန်ကြေညာခြင်း**

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲ အပိုင်း ( ၃ ) တွင် **ကချင်ပြည်နယ်** အတွင်းရှိ အောက်ဖော်ပြပါနယ်မြေ၌ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကျင်းပရန် အခြေအနေမရှိသဖြင့် ရွေးကောက်ပွဲများကျင်းပနိုင်ခြင်းမရှိသည့် နယ်မြေများအဖြစ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ ( စ ) အရ ထုတ်ပြန်ကြေညာလိုက်သည် -

| စဉ် | မြို့နယ် | | ရပ်ကွက်/ကျေးရွာအုပ်စု |
|---|---|---|---|
| ၁။ | ဗန်းမော်မြို့နယ် | ၁။ | ခွန်သာရပ်ကွက်၊ |
| | | ၂။ | မြို့မရပ်ကွက်၊ |
| | | ၃။ | အလယ်ရပ် ရပ်ကွက်၊ |
| | | ၄။ | မင်းကုန်းရပ်ကွက်၊ |
| | | ၅။ | ပေါက်ကုန်းရပ်ကွက်၊ |
| | | ၆။ | မင်းကျောင်းကုန်းရပ်ကွက်၊ |
| | | ၇။ | နမ့်ဖားရပ်ကွက်၊ |
| | | ၈။ | ရွှေကျီးနားရပ်ကွက်၊ |
| | | ၉။ | ရွှေပြည်သာရပ်ကွက်၊ |
| | | ၁၀။ | ဟန်းတဲရပ်ကွက်၊ |
| | | ၁၁။ | ခိုကျင်ကျေးရွာအုပ်စု။ |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာထားခြင်းမှပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၂၃ / ၂၀၂၆ )
၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် အမည်စာရင်းကြေညာထားခြင်းမှပယ်ဖျက်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် ( ၂၁ / ၂၀၂၆ ) ဖြင့် ကချင်ပြည်နယ်၊ မံစီမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အား ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် မဲဆန္ဒနယ်မြေများအဖြစ် ထုတ်ပြန်ကြေညာခဲ့သည့်အတွက် ၂-၁-၂၀၂၆ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အမှတ် ( ၁/၂၀၂၆ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် မံစီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကွမ်ဆန်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ) အား မံစီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် အမည်စာရင်းကြေညာထားခြင်းမှပယ်ဖျက်ကြောင်း ကြေညာလိုက်သည်။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## သဘောထားထုတ်ပြန်ကြေညာချက်

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**
**သဘောထားထုတ်ပြန်ကြေညာချက်(၁/၂၀၂၆)**
**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ၊ ၂၀ ရက်**
**(၁၃၈၇ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် နှင့် ဥပဒေရေးရာဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ဦးဆောင်သည့် မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ (၁၂)ရက်နေ့မှ ဇန်နဝါရီလ(၂၉)ရက်နေ့အထိ နယ်သာလန် နိုင်ငံ၊ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (International Court of Justice–ICJ) သို့သွားရောက်၍ ဂမ်ဘီယာနိုင်ငံ၏စွပ်စွဲချက်များအား ဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်နေခြင်းသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် တာဝန်ယူမှုရှိသောလုပ်ရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာလိုသည့် ဆန္ဒကိုလည်း ဖော်ပြနေခြင်းဖြစ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် နိုင်ငံတော်နှင့်သက်ဆိုင်သော အငြင်းပွားမှုများကို တရားဥပဒေ၏မျှတမှုအပေါ် ယုံကြည်အခြေခံ၍ ထိရောက်ပြတ်သားစွာ ရင်ဆိုင်ဖြေရှင်းနေမှုကို အပြည့်အဝ ကြိုဆိုထောက်ခံပါသည်။ ယင်းကဲ့သို့ဆောင်ရွက်မှုသည် ပကတိဖြစ်စဉ်မှန်များကို ပုံဖော်ပေးနိုင်သကဲ့သို့ နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း ပကတိဖြစ်စဉ်များအပေါ် သိရှိနားလည်စေမှာဖြစ်ပြီး ယုံကြည်မှု တည်ဆောက်ရေးအတွက်လည်း အရေးပါသော အခြေခံအချက်တစ်ရပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

သို့ပါ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအနေဖြင့် နိုင်ငံတော်၏ကိုယ်စား ICJ သို့သွားရောက်၍ ဥပဒေအရ ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုထောက်ခံ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါကြောင်းနှင့် မိမိတို့ပါတီအနေဖြင့် နိုင်ငံတော်၏မူဝါဒသဘောထားများနှင့် တစ်သားတည်းရပ်တည်လျက်ရှိနေပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

# မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးတွင် ရုရှားပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုမြင့်တင်ဆောင်ရွက်




**နေပြည်တော် ဇန်နဝါရီ ၂၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းနောင်သည် ယနေ့ ညနေပိုင်းတွင် ရုရှားနိုင်ငံကုန်သွယ်ရေးကိုယ်စားလှယ် Mr. Konstantin Kanarev နှင့် OSNOVA ကုမ္ပဏီမှ Founder & CEO ဖြစ်သူ Mr. Mark Zalutskii တို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်ရုံးအမှတ် (၁၅)ရှိ ပြည်ထောင်စုဝန်ကြီး၏ညှိနှိုင်းခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ပဲပုပ်၊ နှမ်း၊ စပါး သီးနှံများ၌ ရင့်မှည့်ချိန်မတိုင်မီနှင့် ရိတ်သိမ်းချိန်၌ အသီးများကွဲထွက်ခြင်း၊ အသီးများကြွေခြင်း စသည်တို့ကြောင့် သီးနှံအလေအလွင့်ဖြစ်ပေါ်ဆုံးရှုံးခြင်းတို့ကိုကျော်လွှားနိုင်သည့် ရွက်ဖျန်းဆေးရည် Yantol (ရန်တိုးလ်) ထုတ်ကုန်များကို ရေဆင်းစိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည့် သုတေသနအစီအစဉ် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် သုတေသနရလဒ်များ၊ ဆက်လက်ဆောင်ရွက်မည့် သုတေသနအစီအစဉ်များကို OSNOVA ကုမ္ပဏီမှ Founder & CEO က ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက သုတေသနနှင့်နည်းပညာဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ Yantol (ရန်တိုးလ်)ရွက်ဖျန်းဆေးရည်များ မြန်မာနိုင်ငံသို့ တင်သွင်းခြင်း၊ ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများကို တည်ဆဲဥပဒေ လုပ်ထုံး၊ လုပ်နည်းများနှင့်အညီဖြစ်စေရေး ပံ့ပိုးပေးသွားမည့် အစီအမံများ၊ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိထိရောက်ရောက် အထောက်အကူဖြစ်စေရန် ရွက်ဖျန်းဆေးရည် ထုတ်လုပ်သည့်စက်ရုံ ထူထောင်ပြီး ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေးနှင့် ပြည်ပသို့တင်ပို့နိုင်မှု အခွင့်အလမ်းများကို အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# (၁၀)ကြိမ်မြောက် အာဆီယံ ပင်လယ်ဆိပ်ကမ်း ကြားဖြတ်စစ်ဆေးရေး အထူးအဖွဲ့အစည်းအဝေးအား အွန်လိုင်းစနစ်ဖြင့်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၀**

(၁၀)ကြိမ်မြောက် အာဆီယံပင်လယ်ဆိပ်ကမ်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့ အစည်းအဝေးကို မြန်မာနိုင်ငံမှအိမ်ရှင်အဖြစ် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးဟောင်း (ဘူးကွဲ) အစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ နိုင်ငံတကာဆက်ဆံရေးဌာန ဌာနမှူးက အဖွင့်အမှာစကားပြောကြားရာ၌ မူးယစ်ဆေးဝါးနှင့် လူလုပ်မူးယစ်ဆေးဝါးအခြေအနေများသည် နေ့စဉ်နှင့်အမျှ လျင်မြန်စွာ ပြောင်းလဲတိုးတက်နေပြီး နည်းပညာဆန်းသစ်လာမှုနှင့်အတူ မူးယစ်ဂိုဏ်းအဖွဲ့များသည် လျှို့ဝှက်ကုဒ်သုံးဆက်သွယ်ရေးစနစ်များ၊ ဒစ်ဂျစ်တယ်ပလက်ဖောင်းများ အစားထိုးအသုံးပြုလာတာကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရသည့်အတွက် တားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များကို ခေတ်စနစ်နှင့် လိုက်လျောညီထွေရှိစေရန် အဆင့်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ် လူလုပ်မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အဓိကအသုံးပြုသည့် ပရီကာဆာဓာတုပစ္စည်းများကို ပင်လယ်ဆိပ်ကမ်းများအသုံးပြု၍ သယ်ယူပို့ဆောင်ကြသောကြောင့် အချက်အချာကျသောဆိပ်ကမ်းများတွင် ပရီကာဆာထိန်းချုပ်ရေးကို အထူးအလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပင်လယ်ဆိပ်ကမ်းများသည် ဒေသတွင်းကုန်စည်ပို့ဆောင်မှုနှင့် နိုင်ငံအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုများတွင် အရေးပါသောကြောင့် နယ်စပ်ဖြတ်ကျော်ဂိုဏ်းအဖွဲ့များ၏ အဓိကအသုံးချခံပစ်မှတ်များဖြစ်လာနိုင်ပြီး အန္တရာယ်မြင့်မားလာနိုင်သည့်အခြေအနေများကိုလည်း ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပင်လယ်ဆိပ်ကမ်းများ လုံခြုံမှုရှိစေရေးအတွက် ယခုထက်ပို၍ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းစစ်ဆင်ရေးများကို ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပင်လယ်ဆိပ်ကမ်းများလုံခြုံရေးနှင့်ကုန်သွယ်ရေးကို အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပင်လယ်ဆိပ်ကမ်းအသုံးပြုသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်ချောမွေ့စေရေးအတွက် ဆောင်ရွက်ခြင်းများ၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်ဖလှယ်ခြင်းများဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုခိုင်မာသော အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်နိုင်ပါရန် တိုက်တွန်းလိုကြောင်းနှင့် မူးယစ်ဆေးဝါးကင်းစင်သော အာဆီယံဒေသဖြစ်စေရေးဟူသည့် ဘုံရည်မှန်းချက်များ အောင်မြင်စေရန် ပင်လယ်ဆိပ်ကမ်းကြားဖြတ်စစ်ဆေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ အားသွန်ခွန်စိုက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားစေလိုကြောင်းပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီးအောင်ကျော်ဦး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက်မူးယစ်ဆေးဝါးအခြေအနေများကိုတင်ပြခြင်း၊ အာဆီယံပင်လယ်ဆိပ်ကမ်းကြားဖြတ်စစ်ဆေးရေးအထူးအဖွဲ့၏ လုပ်ငန်းကိစ္စရပ်များအားဆွေးနွေးခြင်း၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် အကြံပြုဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## မိမြန်ပြည်တွက် သက်ပေးဆပ် ထူးထက်စွန့်စားလေသူရဲများ

✦ လေသူရဲတစ်ယောက်၊ ဖြစ်လာမြောက်ဖို့
မိုးအောက်မြေပြင်၊ ထက်ဝေဟင်နှင့်
ပြည်ခွင်တစ်လွှား၊ စောင့်ရှောက်သွားပြီး
တိမ်ကြားမှာဝင်၊ လေယာဉ်မောင်းသင်။
ကြိမ်များစွာပင်၊ လေယာဉ်မောင်းနှင်။

✦ လေယာဉ်မောင်းနှင်၊ တက်ကျွမ်းကျင်သော်
စစ်ဆင်ပျံသန်း၊ သူတို့စွမ်းဖြင့်
အေးချမ်းစေရာ၊ ပြည်မြန်မာကို
ရှည်ကြာတည်ရေး၊ မျှော်ဆတွေးပြီး
သက်သွေးပေးလျက်၊ သူထမ်းရွက်၏
မပျက်တာဝန်၊ မြဲကျေပွန်၏
မွန်မြတ်စိတ်ထား၊ ဝင့်ဝင့်ကြွား။
ထူးချွန်စွန့်စား၊ လေသူရဲများ။

✦ မြေရေတစ်လွှား၊ ဝင့်ဝင့်ကြွားလျက်
စွန့်စားဝံ့ပျံ၊ ကောင်းကင်ယံ၌
စုန်ဆန်မောင်းနှင်၊ တိုက်ပွဲဝင်သည်
စစ်ဆင်ထိုးနှက်တိုင်းပြည်တွက်။

✦ ပြည်ဖျက်ရန်စွယ်၊ အသွယ်သွယ်တို့
ပျောက်ကွယ်ရှင်းရေး၊ အလေးတစ်မူ
ပြည်သူများတွက်၊ စဉ်ပေးဆက်ထား
တရားသောစစ်၊ ဆင်နွှဲရစ်မည်
ပြည်ချစ်စစ်သား၊ လေသူရဲများ။
ရဲရင့်ဝင့်ကြွားလေတပ်သား။

✦ သာစွဌာနီ၊ တို့မြန်ပြည်ကို
ကြာရှည်တည်ရေး၊ စဉ်မြော်တွေးလျက်
သက်သွေးအပ်နှံ၊ ပြည်သူ့ထံသို့
ပြည်ရန်ကိုခွင်း၊ ဝေဟင်တွင်းမှ
တက်ဆင်းပျံသန်း...သူ့အစွမ်း။
သက်နှင်းဆောင်ထမ်း...အံ့မခန်း။ ။

**နွယ်(တက္ကသိုလ်)**

### MWD Variety Channel

၂၁-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

- ၁။ ၀၉:၂၀ ရှာဖွေလေ့လာပြတိုက်မှာ
- ၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင် မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
- ၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်
- ၄။ ၁၅:၄၅ ဗုဒ္ဓဓမ္မအသိများတိုးပွားရကြစေ

### သဖင်(FM) အသံလွှင့်အစီအစဉ်

၂၁-၁-၂၀၂၆(ဗုဒ္ဓဟူးနေ့)

- ၁။ ၀၉:၀၀ Market News
- ၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
- ၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
- ၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
- ၅။ ၁၅:၃၅ Happy Zone
- ၆။ ၂၁:၄၀ ချောက်ချောက်ချားချား ဖြစ်ရပ်များ

# ကုံရာသီတပို့တွဲ ထမနဲမီးပုံပွဲ

အောင်စိုး
(တိရစ္ဆာန်ဆေးကုဆရာဝန်)

**✳ တပို့တွဲလရာသီတွင် ကောက်ပင်တို့ရိတ်သိမ်းပြီးကြသည်။ မိုးမရွာသဖြင့် ခြောက်သယောင်းနေသည့် ရိုးပြတ်တောက လယ်ကွင်းပြင်တွင် ထိုးထိုးထောင်ထောင်နှင့် နေပူလောင်ခြင်းကို သရုပ်ပြနေသည်။ ကျေးလက်တောင်သူများက တပေါင်း၊ တန်ခူးလတို့တွင် မိုးရွာပါက မိုးကြိုထွန်ရေးငယ်ငင်နိုင်ရန်အတွက် ရိုးပြတ်တောများကို ရှင်းလင်းရန်လိုအပ်သည်။**

**✳ ကုံရာသီတပို့တွဲလတွင် ချမ်းအေးသည့် နှင်းပွဲများကြားတွင် မြန်မာတို့သည် ယာဂု ခေါ် ထမနဲထိုးပွဲများကျင်းပသည်။ ကောက်ဦး ပေါ်ဦးပေါ်ဖျား ထမနဲ(နှမ်းမနဲ) အလှူပွဲများကိုကျင်းပသည်။ ရှင်တော်မြတ်ဘုရားကို ရည်မှန်း၍ အနွေးဓာတ်ဖြင့် ပူဇော်ပွဲနှင့်မီးပုံပွဲသဘင်ကိုလည်း ဆင်ယင်ကျင်းပကြသည်။**

ကမ္ဘာမြေ၏ သဘာဝလောကဖြစ်စဉ်မှာ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ထက်တိုင် နေ (တနင်္ဂနွေဂြိုဟ်)၊ လ (တနင်္လာဂြိုဟ်)၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ ရာဟုဂြိုဟ်များသည် အစဉ်အတိုင်းထွက်ပေါ်နေကြ၏။ ထိုနည်းတူ နက္ခတ်တာရာကြယ်စုများသည် အစဉ်အတိုင်း လှည့်ပတ်နေကြ၏။ ယင်းသို့ နက္ခတ်ရာသီနှင့်အညီ ကမ္ဘာမြေပေါ်တွင် ပေါက်ရောက်ဖူးပွင့်ကုန်သော ပန်းတို့သည် မည်သည့်ဖန်ဆင်းရှင်၊ တန်ခိုးတော်ကြောင့်မဟုတ်ဘဲ သဘာဝအလျောက် ဖူးပွင့်နေခြင်းသာဖြစ်ကြောင်း ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်တွင် ပြဆိုထားသည်။

သဘာဝပေါက်ပင်များ၊ သီးနှံ၊ ပန်းမန်များသည် ရာသီဥတုကိုမှီ၍ ဖြစ်ထွန်းကြစမြဲဖြစ်သည်။ လူတို့သည် ရာသီအလိုက် အသီးအပွင့်များကို ကြည့်ရှုလေ့လာမှတ်သားပြီး စိုက်ပျိုးလုပ်ဆောင်ကြရမည့် လရာသီကို မှတ်သားနိုင်ကြသည်။ ရှေးမြန်မာကြီးများက “ရာသီမသိပန်းနှင့်ညှိ” ဟူ၍ သဘာဝဖူးပွင့်ကြသည့် ပန်းကလေးများကိုကြည့်ပြီး မည်သည့်လရာသီကို ရောက်နေကြောင်းဆုံးဖြတ်ကြသည်။ ထို့ကြောင့် “ခွာတံပေါက်လဲတပို့တွဲ” လင်္ကာအရ ပြာသိုလတွင် ခွာညိုပန်းနှင့် တပို့တွဲလတွင် ပန်းပွင့်သည်မှာ ပေါက်ပန်း၊ လဲပန်း၊ လက်ပံတို့ဖူးပွင့်ကြသည်ဟုမှတ်ယူရမည်။

ထိုနည်းတူ ဆယ့်နှစ်လမိုးကို လအလိုက်ရွာသွန်းသည်ကိုလည်း ကဗျာလင်္ကာဖြင့် မှတ်တမ်းတင်ကြပြီး “တပို့တွဲ၊ နွဲ၍ရွာခြင်း၊ သန်မိုးကြွင်း” ဟု မှတ်သားထားကြသည်။ နွေ၊ မိုး၊ ဆောင်း ဥတုသုံးလီတွင် တပို့တွဲမှာ ဆောင်းလရာသီကုန်ဆုံးချိန်ဖြစ်သော်လည်း မိုးကြွင်းမိုးကျန်ကလေးများ ရွာသွန်းတတ်ကြောင်းကို ပြဆိုထားသည်။ နှင်းမှုန်ကြားမှာ အေးမြသော ရာသီဖြစ်၍ တပို့တွဲလတွင် ရှေးအခါက မုရင်းစပါးများ စိုက်ပျိုးကြကြောင်းကို မဃဒေဝလင်္ကာကြီး အပိုဒ် (၂၇၆)တွင် သကြံန်ကျပြီး နှစ်ဆန်းတစ်ရက်နေ့မှအစပြု၍ ရေတွက်သော် “ရက် ၃၁၈၊ ပြည့်လစ်မလွဲ၊ တပို့တွဲဟု၊ စို့ရွှဲငွေနှင်း၊ ကုံရက်တွင်းမှ မုရင်းကောက်သား၊ ဝံတုံညား၏”ဟူ၍ ပြဆိုထားသည်။ ရှေးအခါက မုရင်းကောက်စိုက်သည့်နေ့တွင် လယ်မြေအတွက် ပုဗ္ဗကြယ် (ပုန်းမကြည်နတ်)ကို ပသမှုပြုလုပ်ကြသည်။

မြန်မာတို့၏ ရိုးရာဓလေ့ ဆယ့်နှစ်လရာသီပွဲတော်များကိုလည်း ရွှေနန်းထက်မှစ၍ ကျေးလက်မကျန် ကျင်းပပျော်ရွှင်ကြသည်။ မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုံးဟူ၍ လင်္ကာစာချိုးအရ ပြာသိုလတွင် မြင်းခင်းသဘင်နှင့် တပို့တွဲလတွင် အေးမြမြဆောင်းနံနက်ခင်း ယာဂု(ထမနဲ)တို့ကို လှူဒါန်းကြပြီး ညဉ့်အခါတွင် မြတ်စွာဘုရားကို ညံရိုးဆီမီးဖြင့်ပူဇော်ကြသည့် မီးပုံပွဲသဘင်ဆင်ယင်ကျင်းပကြသည်။

ပုဂံခေတ်ကျောက်စာများတွင် တပို့တွဲလအမည်ကို “တပို့လ်တွယ်” “တပိုင်တွယ်” “တပို့တွယ်” “တပို့တွဲ” စသည်ဖြင့် ရေးထိုးခဲ့ကြသည်။ “တပို့”သည် ထမ်းပိုးဟုအနက်ရ၍ “တွဲ”မှာ ချိတ်ဆွဲထားခြင်းဟု အဓိပ္ပာယ်ရှိသည်။ ရှေးအခါက တောင်သူဦးကြီးများ လယ်ယာလုပ်ငန်းပြီးစီးသည့်လဖြစ်၍ လယ်ယာသုံးကိရိယာများကို ချိတ်ဆွဲသိမ်းဆည်းထားသည်ဟုလည်းယူဆကြသည်။

ထို့ပြင် တပို့တွဲ၊ တပေါင်း၊ တန်ခူး စသည့်သုံးလတွင် “တ” ကို “ထန်း” ဟုအနက်ဖွင့်ကြသည်။ တပို့တွဲလသည် ထန်းဖူး၊ ထန်းခိုင်ဟု အဓိပ္ပာယ်သက်ရောက်ပြီး “တွဲ” မှာ အောက်သို့ကိုင်းညွတ်ဆွဲဆိုင်းအောင် တွဲကျနေရန် ပြုပြင်ခြင်းဟုအနက်ဖွင့်သည်။ ထို့ကြောင့် တပို့တွဲလကို ထန်းဖူး၊ ထန်းခိုင်၊ ထန်းလက်များအောက်သို့ ညွတ်ကိုင်းတွဲလျားကျနေသောကာလ၊ ထန်းရည်နင်းလဖြစ်သည်ဟုလည်းယူဆကြသည်။

**တပို့တွဲပေါက်လဲငုံစီစီ**

တပို့တွဲလတွင် ပေါက်ပန်းနှင့် လဲပန်းတို့ နီနီရဲရဲဖြင့် တစ်ပင်လုံး ကမ္ဗလာဝတ်ရုံခြုံထားသကဲ့သို့ ပွင့်ဖူးကြသည်။

ပေါက်ပန်းနှင့် လဲပန်းမှာတစ်ပင်စီဖြစ်၏။ ပေါက်ပင်ကပွင့်သောပန်းကို ပေါက်ပန်းဟုခေါ်သည်။ လက်ပံပင်ကပွင့်သောပန်းကို လက်ပံပန်းဟု မခေါ်ဘဲ လဲပန်းဟုခေါ်ကြသည်။ အကြောင်းမူကား လက်ပံသီးမှ လဲကိုရသောကြောင့်ဖြစ်သည်။ ထို့ကြောင့် လက်ပံပင်ကို လဲပင်ဟုခေါ်သကဲ့သို့ လက်ပံပန်းကိုလည်း လဲပန်းဟုခေါ်ကြခြင်းဖြစ်သည်။

ရှေးမြန်မာတို့သည် “ပြည်ထဲအရေး၊ ပေါက်နှင့်ကျေး” ဟူ၍ ခိုင်းနှိုင်းကြသည်။ ပေါက်ပင်၏အရွက်မှာစိမ်း၍ ပေါက်ပန်းမှာရဲရဲနီသည်။ ထိုနည်းတူ ကြက်တူရွေး၏အမွေးအတောင်ကစိမ်း၍ နှုတ်သီးကနီသည်။ ထို့ကြောင့် ကြက်တူရွေးတို့သည် ပေါက်ပန်းပွင့်ချိန်တွင် ပေါက်ပွင့်နှင့် ခွဲမရအောင်ဖြစ်ရသည်။ ထိုနည်းတူ ပြည်ထဲရေးနှင့် နိုင်ငံရေးမှာ ထင်ရှားပြတ်သားစွာခွဲခြားမရကြောင်းကို ပြဆိုခိုင်းနှိုင်းထားခြင်းဖြစ်သည်။

ပေါက်ပန်းနှင့်လဲပန်းတို့၏အရောင်အဆင်းကို ဂါထာ ဖ၀ ပျို့ (အပိုဒ်-၃၇)တွင် ရှင်အုန်းညိုက “ရင်းမာဖက်ဆွတ်၊ ရင်ခတ်သရဖီ၊ ကတ္တရီမြစ်ကိုင်း၊ ရွှေနှိုင်းပိတောက်၊ လဲနှင့်ပေါက်လည်း၊ တောက်သည့်မီးရောင်၊ ပြောင်ပြောင်ညီးညီး၊ ပန်းတောင်ကြီးသို့၊ ခရီးတောဝယ်၊ မြိုင်အလယ်၌၊ အံ့ဖွယ်သရဲ၊ မဖြစ်မြဲတည့်” ဟူ၍ တပို့တွဲလ ပေါက်လဲပန်းတို့ကြောင့် တောတောင်တစ်ဝိုက် နီနီဝါဝါ စိမ်းစိမ်းလွဲ့လွဲ့ အဆင်းလှပနေကြောင်း လျှောက်ထားစပ်ဆိုထားသည်။

**တပို့တွဲ၊ နွဲ၍ရွာခြင်း၊ သန်မိုးကြွင်း**

မိုးရာသီကာလကုန်ဆုံးလွန်မြောက်၍ တပို့တွဲလဆောင်းရာသီကုန်ဆုံးချိန်ဖြစ်သော်လည်း မိုးကြွင်းမိုးကျန်ကလေးများ ရွာသွန်းတတ်ကြောင်းကိုပြဆိုထားသည်။

ဤသည်ကိုရည်၍ ကုန်းဘောင်ခေတ်စာဆိုတော်လူဦးမင်းက ဆယ့်နှစ်လရာသီဖွဲ့တွင်

“သဘင်ငယ်တင့်ဆုံး၊ လှူမီးပုံးနှင့်
အိုင်ထုံးသီဒါ၊ မြိုင်လုံးသာနှင့်၊ ခါ ပရမ။
သိသိရကို၊ ညီလာ့သန်းခေါင်၊ ဆန်းတဲ့ညောင်က
နောင်ဗျာထပ်ပို့၊ နှောင့်သဲကိုလ၊ ပျောက်ပြိုခွဲဝေ။
ဘယ်နဲ့သာဖြေလိမ့်၊ သွန်းရွှေခန့်ပုံစံငယ်
ကုံသန်ကျန်ခါတော်မြို့က၊ တိုးဆင့်ချည်သေး” ဟူ၍ တပို့တွဲလ၏ မိုးကြွင်းမိုးကျန်များရွာလေ့ရှိသည်ကိုပြဆိုထားသည်။

ဆရာကြီး ဦးပြုံးချိုက

“ပေါက်လဲရယ်တဲ့ ပွင့်စီစီ၊ ဝတ်ပန်းသူရာရေကြောင့်
ဆက်ရက်တွေ သံစုံကျူးကြတယ်၊ မြူးတဲ့ရာသီ။
ငွေသော်တာ ကြယ်မာဃငယ်နှင့်
ထွန်းလျှံပ ပြည့်ခါညီ၊ ပြာရီလဲ့မြူခိုး။
ယာဂုပွဲကိုတဲ့၊ လှူမြဲအလွန်ရွှင်လို့၊
ခုနစ်စဉ်တာရာလျှမ်းသည်နှင့်၊
ဆူးပန်းတွေဝေဝေပွင့်ကြတယ်၊ ထူးတင့်မညှိုး။” ဟူ၍ တပို့တွဲလသည် ပေါက်ပန်းတို့လည်းပွင့်၊ မြူခိုးမြူမှုန်ပြာရီလဲ့နှင်း ဝင်းပနေသည်။ ငှက်ကျေးသာရကာတို့သည် တပို့တွဲ ပေါက်လဲပန်းဝတ်ရည်စုပ်၍ ပျော်ရွှင်ဆူညံနေကြသည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့ကလည်း ထမနဲ(ယာဂု)ပွဲများဖြင့် ဆင်နွှဲလှူဒါန်းကြပုံကို ရေးဖွဲ့ထားသည်။

တပို့တွဲလရာသီတွင် ကောက်ပင်တို့ရိတ်သိမ်းပြီးကြသည်။ မိုးမရွာသဖြင့် ခြောက်သယောင်းနေသည့် ရိုးပြတ်တောက လယ်ကွင်းပြင်တွင် ထိုးထိုးထောင်ထောင်နှင့် နေပူလောင်ခြင်းကို သရုပ်ပြနေသည်။ ကျေးလက်တောင်သူများက တပေါင်း၊ တန်ခူးလတို့တွင် မိုးရွာပါက မိုးကြိုထွန်ရေးငယ်ငင်နိုင်ရန်အတွက် ရိုးပြတ်တောများကို ရှင်းလင်းရန်လိုအပ်သည်။ တောင်သူတို့က ရိုးပြတ်တောများကို ဂရုတစိုက်မီးရှို့၍ စောင့်ဆိုင်းကာပြုလုပ်ကြသည်။ သို့သော် မသမာသူ သို့မဟုတ် ခြေလက်စည်းမစောင့်နိုင်သူအချို့က ရိုးပြတ်တောကိုမီးရှို့၍ မျက်နှာလွှဲခဲပစ်ရှောင်သွားလေ့ရှိကြသည်။

မီးရောင်ညီးညီး နွေလယ်နေ့တွင် တောက်လောင်နေသည့် မိုးရန့်ကင်းသော ရိုးပြတ်တောမီးကို မြင်တွေ့ကြရသည်။ အမည်မသိရှေးစာဆိုတစ်ဦးက စာဖွဲ့ထားခဲ့သည်မှာ

“မှန်ပြာရီ၊ ကုံရာသီတပို့တွဲမှာလ၊
ပေါက်လဲတွေအရောင်တောက်ပါလို့၊
တောင်မြောက်လေနှော။
ညီးလို့ငယ်ဝါ၊ မီးရှို့ကာဘယ်သူမြှိုက်ခဲ့ပါလိမ့်၊
ပူလိုက်လေအကျိုးပါမျှမနပ်ပါကာလ
လူမိုက်တွေ၊ ပိုးသတ္တဝါသတ်ခဲ့တယ်၊ ရိုးပြတ်လယ်တော။”ဟူ၍ ဖြစ်သည်။

စာဆိုရှင်က သဘာဝတရားကိုချစ်မြတ်နိုးသကဲ့သို့ သတ္တဝါကလေးများကို သနားကြင်နာကရုဏာသက်သည်မှာ ကျေးလက်သဘာဝတရားကို ဖော်ကျူးရာရောက်ပေသည်။

**ကုံရာသီတပို့တွဲ ယာဂုမီးပုံပွဲ**

ကုံရာသီတပို့တွဲလတွင် ချမ်းအေးသည့် နှင်းပွဲများကြားတွင် မြန်မာတို့သည် ယာဂုခေါ် ထမနဲထိုးပွဲများကျင်းပသည်။ ကောက်ဦး ပေါ်ဦးပေါ်ဖျား ထမနဲ (နှမ်းမနဲ) အလှူပွဲများကိုကျင်းပသည်။ ရှင်တော်မြတ်ဘုရားကိုရည်မှန်း၍ အနွေးဓာတ်ဖြင့် ပူဇော်ပွဲနှင့်မီးပုံပွဲသဘင်ကိုလည်း ဆင်ယင်ကျင်းပကြသည်။

မဟာအတုလမင်းကြီး၏ ဆယ့်နှစ်ရာသီပွဲလွမ်းချင်းတွင်

“တပို့တွဲမို့၊ မင်းပွဲရွှင်ပျော်၊
ယာဂုတော်နှင့်၊ ကြွေးကြော်ပြင်ဆင်၊
လွမ်းဖို့သာ ဆင်တော့တယ်၊
ကောင်းကင်မြင့်တိမ်ဆီမှာ၊
ကြယ်မာဃီ ရောင်စုံကျင်းလို့၊
လင်းလှတယ်လေး။”ဟူ၍ ရေးဖွဲ့မှတ်တမ်းတင်ထားခဲ့သည်။

တပို့တွဲလ ထမနဲပွဲတွင် မင်းနှင့်ပြည်သူအားလုံးပျော်ရွှင်ကြသည်။ ကောင်းကင်ယံတွင် တိမ်များရောင်စုံထွန်းလင်းနေသည်ဟုပြဆိုထားသည်။ ရှေးအခါက တပို့တွဲလမှာ ယာဂုကျိုသည့်ပွဲကျင်းပသည်ဟုဆို၏။ “ယာဂု” ဆိုသည်မှာ ပါဠိဘာသာစကားဖြစ်၏။ မြန်မာတို့က “ယာဂု” ဟူ၍ခေါ်သော်လည်း ခေတ်ကာလရွေ့လျော၍ “ထမနဲ” ဟုခေါ်ဆိုလာခြင်းဖြစ်သည်။

ယာဂု (ထမနဲ) ထိုးခြင်းတွင် ပါဝင်သောပစ္စည်းများမှာ ကောက်ညှင်းဆန်၊ မြေပဲ၊ အုန်းသီး၊ နှမ်းဆီ စသည်တို့ရောနှော၍ ကျိုချက်ထိုးရသောစားဖွယ်ဖြစ်၏။

တပို့တွဲလနံနက်လင်းရောင်ပျို့ အရုဏ်မတက်မီအချိန်တွင် တန်ခိုးကြီးဘုရားစေတီရင်ပြင်တော်ပေါ်တွင် ထင်းမီးများစုပုံ၍ မီးပုံပွဲသဘင်ဆင်ယင်ပူဇော်ကန်တော့ကြသည်။ မီးပုံပွဲများအနက် ပြည်မြို့ ရွှေဆံတော်ဘုရားရင်ပြင်တွင်ကျင်းပသည့် တပို့တွဲလပြည့်နေ့ မိုးသောက်ယံ (ညံရိုးဖြင့်)မီးပူဇော်ပွဲမှာ စည်ကားသိုက်မြိုက်လှသည်။

ဗုဒ္ဓမြတ်စွာဘုရားသခင်သည် ဘုရားပွင့်တော်မူပြီး ကိုးလမြောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် တပို့တွဲလပြည့်နေ့တွင် သံဃာတော်များအား ဩဝါဒပါတိမောက်ဒေသနာတရားတော်ကို ဩဝါဒပေးတော်မူသည်။ ဗုဒ္ဓ၊ သံဃာတော်များက ထိုနေ့ကို ဩဝါဒပါတိမောက်အခါတော်နေ့အဖြစ် သတ်မှတ်ပူဇော်ကြသည်။ ။

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သတ္တမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်




နေပြည်တော် ဇန်နဝါရီ ၂၀

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုဗဟိုကော်မတီ သတ္တမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် "အရိန္ဒမာ" ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့်ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှကိုယ်စားလှယ်၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးမှ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတ်မှတ်ကြေညာထားသည့် နေ့ရက်များအလိုက် အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပခဲ့ရာ မဲရုံများသို့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့်မဲဆန္ဒရှင်များအနက် ဆန္ဒမဲလာရောက်ပေးခဲ့မှုမှာ ရွေးကောက်ပွဲအပိုင်း(၁)တွင် ၅၂ ဒသမ ၁၃ ရာခိုင်နှုန်းရှိခဲ့ပြီး ရွေးကောက်ပွဲအပိုင်း(၂)တွင် ၅၅ ဒသမ ၈၅ ရာခိုင်နှုန်းအထိရှိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အကြမ်းဖက်သမားများက နှောင့်ယှက်ဟန့်တားဖျက်ဆီးသည့် အကြမ်းဖက်လုပ်ဆောင်ချက်များရှိခဲ့သော်လည်း မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိတို့၏ လွတ်လပ်သည့်သဘောဆန္ဒအလျောက် တက်တက်ကြွကြွစည်းကမ်းရှိစွာဆန္ဒမဲများပေးခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

ရွေးကောက်ပွဲအပိုင်း(၁) ကျင်းပစဉ်က ကြုံတွေ့ခဲ့ရသည့်အားနည်းချက်များကို ပြန်လည်သုံးသပ်၍ ပိုမိုလုံခြုံစိတ်ချကောင်းမွန်သော လုံခြုံရေးဆိုင်ရာအစီအမံများအတိုင်း အင်အားဖြည့်တင်း၍ ဆောင်ရွက်ခဲ့ရာ ရွေးကောက်ပွဲအပိုင်း(၂)ကို ပိုမိုကောင်းမွန်စွာ ကျင်းပပေးနိုင်ခဲ့သဖြင့် ဆက်လက်ကျင်းပမည့် ရွေးကောက်ပွဲအပိုင်း(၃)ကိုလည်း မဲဆန္ဒရှင်ပြည်သူများ စိတ်အေးချမ်းသာ လုံခြုံမှုရှိစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက်ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့၊ ဦးစီးဌာနများ အနေဖြင့် တပ်မတော်၊ ပြည်သူ့စစ်အဖွဲ့များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ မိတ်ဖက်အဖွဲ့ အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်၍ လုံခြုံရေးစီမံချက်များအတိုင်း အင်အားဖြည့်တင်းပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင် ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီများနှင့်လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သတ်မှတ်ကြေညာထားသည့် စည်းကမ်းချက်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်စေရေး တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီအဆင့်ဆင့်မှသက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်၍ ကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များ ပျက်ပြားစေရန် နည်းအမျိုးမျိုးဖြင့် ကျူးလွန်သူများအား ဖော်ထုတ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်အထိ ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီး၌ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေ"အရ အရေးယူဆောင်ရွက်မှု ၃၃၁ မှုတွင် တရားခံ အမျိုးသား ၃၂၄ ဦး၊ အမျိုးသမီး ၈၀ ဦး စုစုပေါင်း ၄၀၄ ဦးရှိခဲ့ပြီး ဆက်လက်၍လည်း ရွေးကောက်ပွဲလုံခြုံရေးအား ထိခိုက်စေနိုင်သော လှုံ့ဆော်မှုများ၊ ဝါဒဖြန့်မှုများ ကျူးလွန်နေသူများကို စုံစမ်းဖော်ထုတ်အရေးယူခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရွေးကောက်ပွဲအပိုင်း(၃)တွင် ပါဝင်သည့် တိုင်းဒေသကြီး/ပြည်နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများက တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရွေးကောက်ပွဲ အပိုင်း(၃)အတွက် လုံခြုံရေးဆောင်ရွက်ထားရှိမှု အစီအမံများ၊ ရွေးကောက်ပွဲကျင်းပပြီးနောက် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များ၏ လုံခြုံရေးနှင့် လွှတ်တော်အသီးသီးခေါ်ယူကျင်းပနိုင်ရေး လုံခြုံရေးအစီအမံများအား ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဒုတိယဥက္ကဋ္ဌများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကိုယ်စားလှယ်များက ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မြဝတီ

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၃)၏ စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်

နေပြည်တော် ဇန်နဝါရီ ၂၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေအထောက်အပံ့ဖြင့် "မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ သဘာဝဆေးဖက်ဝင်အပင်မျိုးစိတ်များ စဉ်ဆက်မပြတ်အသုံးပြုခြင်းနှင့်ထိန်းသိမ်းကာကွယ်ခြင်းစီမံကိန်း"၏စီမံကိန်းပြီးမြောက်ခြင်းအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှသံအမတ်ကြီးနှင့် တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆက်စပ်ဌာနနှင့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ စီမံကိန်းဒေသမှ ဌာနေတိုင်းရင်းဆေးဆရာများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယခုစီမံကိန်းကို ရှမ်းပြည်နယ်အရှေ့ပိုင်း မဲခေါင်မြစ်ဝှမ်းဒေသတွင် စီမံကိန်းကာလ ၂ နှစ်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်းဒေသမှ ဆေးဖက်ဝင်မျိုးစိတ် ၁၅၀ ကို စုဆောင်းနိုင်ခဲ့ပြီး ထူးခြားဂုဏ်သတ္တိရှိ ဓာတုဒြပ်ပေါင်းများပါဝင်မှုကို ဓာတ်ခွဲစမ်းသပ်ခဲ့ကြောင်း၊ အဆိုပါမျိုးစိတ်များတွင် အပင်မျိုးစိတ် ၁၆ မျိုးကို မြန်မာနိုင်ငံအတွက် အပင်မျိုးစိတ်မှတ်တမ်းအသစ်အဖြစ်လေ့လာဖော်ထုတ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း။

အလားတူ လက်ဖက်မျိုးစိတ် ၂ မျိုးအား မှတ်တမ်းအသစ်တင်နိုင်ခဲ့ပြီး ဓာတ်ခွဲစမ်းသပ်ချက်များအရ ရောဂါအမျိုးမျိုးကုသနိုင်သော ထူးခြားဂုဏ်သတ္တိရှိသည့်ဓာတုဒြပ်ပေါင်းများပါဝင်နေသည်ကို လေ့လာဖော်ထုတ်နိုင်ခဲ့ကြောင်း၊ စီမံကိန်းသုတေသနရလဒ်အဖြစ် "Medicinal Plants of Mekong Region in Myanmar" ဆေးဖက်ဝင်အပင်စာအုပ်ထုတ်ဝေသွားမည်ဖြစ်ကြောင်း၊ ယခုစီမံကိန်းသည် မြန်မာနိုင်ငံနှင့် မဲခေါင်ဒေသအတွက် ရလဒ်ကောင်းများရရှိစေပြီး ရုက္ခဗေဒအချက်အလက်နှင့် အသုံးချဇီဝဗေဒသိပ္ပံ ဆောင်ရွက်နေသော နယ်ပယ်အသီးသီးအတွက်လည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းပြောကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက မဲခေါင်မြစ်ဝှမ်းဒေသ၏ အရေးပါပုံနှင့် တရုတ်-မြန်မာ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍအားပြောကြားပြီး စီမံကိန်းကာလအတွင်း ဆောင်ရွက်ချက်များအား Video Clip ပြသသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များက ခင်းကျင်းပြသထားမှုနှင့် ပိုစတာများအား လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ တက်ရောက်လာသူများက မဲခေါင်မြစ်ဝှမ်းဒေသရှိဆေးဖက်ဝင်အပင်မျိုးစိတ်များ၊ လက်ဖက်မျိုးစိတ်များနှင့် မှတ်တမ်းအသစ်မျိုးစိတ်များ၊ ရိုးရာလေ့ဆေးဖက်အသုံးပြုမှုနှင့် သိပ္ပံနည်းကျဓာတ်ခွဲစမ်းသပ်ခြင်းမှ တွေ့ရှိချက်များကို နှိုင်းယှဉ်လေ့လာခြင်းများနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုကြကြောင်း သိရသည်။

မြဝတီ

# တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်၊ မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာ ပုံမှန်အတိုင်းပြန်လည်သွားလာနိုင်ပြီဖြစ်

တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်ခုလုံးအား အပြည့်အဝ ပြန်လည်ထိန်းချုပ်








တပ်မတော်စစ်ကြောင်းများက ရွှေညောင်ပင်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

**နေပြည်တော် ဇန်နဝါရီ ၂၀**

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ ယာယီထိန်းချုပ်ထားသည့် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းအား ဇန်နဝါရီလ ၁၉ ရက်နေ့တွင် အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ယနေ့မှစ၍ ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများအနေဖြင့် မန္တလေး-သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင်စိတ်အေးချမ်းသာစွာဖြင့် ပြန်လည်သွားလာနိုင်ပြီဖြစ်၍ ဒေသတွင်းကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စွာဖြင့် ပုံမှန်အတိုင်းဆောင်ရွက်နိုင်ပြီဖြစ်သည်။

NUG အကြမ်းဖက်အဖွဲ့ အနေဖြင့် မန္တလေး၊ စစ်ကိုင်းနှင့် မိတ္ထီလာလွင်ပြင်တို့မှ လူငယ်လူရွယ်များ၊ DCS ပြုလုပ်သည့် သစ္စာဖောက်ဝန်ထမ်းများကို မက်လုံးပေးစည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချကာ MDY – PDF အမည်ခံ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ခြင်း၊ ဖြစ်သည့်နည်းဖြင့် အဓမ္မ အင်အားစုဆောင်းခြင်း၊ လှုံ့ဆော်အားပေးခြင်းနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်း၍ ၎င်းတို့၏ စိတ်ကူးယဉ်စစ်ရေးအိပ်မက်ဖြစ်သော မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးအတွက် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်မှစ၍ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီး ဆက်စပ်ဒေသများ၌ ရှမ်း-မန်း စစ်ဆင်ရေးအမည်ဖြင့် စစ်ရေးအကြမ်းဖက်မှုများကို စစ်ကြောင်းများခွဲ၍ မိုးကုတ်-သပိတ်ကျင်း-မတ္တရာ-မန္တလေး လမ်းကြောင်းတစ်လျှောက်နှင့် အနီးပတ်ဝန်းကျင်ရှိမြို့/ရွာများ၊ နိုင်ငံအကျိုးပြုအစိုးရနှင့် ပုဂ္ဂလိကပိုင်စက်ရုံ၊ အလုပ်ရုံများတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် လုံခြုံရေးတပ်စခန်းများအား အင်အားအလုံးအရင်းဖြင့် တိုက်ခိုက်ခြင်းများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) စစ်ရေးလှုပ်ရှားမှုနှင့်အပြိုင်လုပ်ဆောင်လာခဲ့ကြပြီး မန္တလေးသို့ရောက်ရှိနိုင်ရေး ကြိုးပမ်းခဲ့ကြသည်။

ထိုကဲ့သို့ အကြမ်းဖက်သမားများ၏ သာလွန်အင်အားများဖြင့် တိုက်ကွက်ဖော်ဆောင်လာခဲ့မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မြို့/ရွာများနှင့် နိုင်ငံအကျိုးပြုစက်ရုံ၊ အလုပ်ရုံများ ၎င်းတို့လက်အောက်သို့ အလုံးစုံကျရောက်မှုမရှိစေရေးအတွက် မိမိတို့၏ အသက်ကိုပဓာနမထားဘဲ ရဲဝံ့စွန့်စားစွာဖြင့် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation) ကို မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်ပြီး မြေပြင်သတင်းဖော်ထုတ်၍ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် သပိတ်ကျင်းဒေသအား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင်လည်းကောင်း၊ မတ္တရာဒေသတစ်ဝိုက်ရှိ အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့် ဖယောင်းတောင်ဒေသတို့အား ဩဂုတ်လ ၂၈ ရက်နေ့တွင်လည်းကောင်း၊ ဆည်တော်ကြီးရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား နိုဝင်ဘာလ ၂၅ ရက်နေ့တွင်လည်းကောင်း၊ စဥ့်ကူးဒေသတစ်ဝိုက်အား ဒီဇင်ဘာလ ၁၉ ရက်နေ့တွင်လည်းကောင်း၊ အကြမ်းဖက်သောင်းကျန်းသူများ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးပြီး ယာယီစိုးမိုးထားသည့် ရေဝတီတံတား (ရတနာသိင်္ဃ)အား ဒီဇင်ဘာလ ၂၂ ရက်နေ့တွင်လည်းကောင်း စသည်ဖြင့် တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ စိတ်ကူးယဉ်စစ်ရေးအိပ်မက်များကို ရိုက်ချိုးဖျက်ဆီးနိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါဒေသများအား ယာယီ

**စာမျက်နှာ ၁၃ သို့ ⇨**





တပ်မတော်စစ်ကြောင်းများက စိန်အင်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက အောင်ဗဒါန်းကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



တပ်မတော်စစ်ကြောင်းများက မလဲပေါက်ကျေးရွာအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

⇨ **စာမျက်နှာ ၁၂ မှအဆက်**

ထိန်းချုပ်ထားစဉ်အတွင်း ဘာသာရေးဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံ/ဆေးခန်းများနှင့်လူနေအိမ်များအားအကာအကွယ်ရယူ၍ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ လူနေအိမ်အဆောက်အအုံများအကြားနှင့် အများပြည်သူသွားလာအသုံးပြုသည့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်၌ မိုင်းထောင်ခြင်း၊ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ စက်ရုံထုတ်ပစ္စည်းများကို ကိုယ်ကျိုးစီးပွားအဖြစ်အသုံးချခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို ယုတ်မာရိုင်းစိုင်းစွာလုပ်ဆောင်ခဲ့ကြသဖြင့် ဒေသခံပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် လူမှုစီးပွားဘဝများ အဘက်ဘက်မှ ဆုတ်ယုတ်နိမ့်ကျခဲ့ရသည်။

ထိုသို့ တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်နေရာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် ယုံကြည်အားကိုးမှုနှင့် စိတ်အားထက်သန်စွာ အားပေးထောက်ခံလာခဲ့ကြပြီး အကြမ်းဖက်သမားများ၏ အဖျက်အမှောင့်လုပ်ရပ်များအပေါ် ဝိုင်းဝန်းရှုတ်ချမှုများ လုပ်ဆောင်လာခဲ့ကြသည်။ ပြည်သူလူထု၏အားပေးထောက်ခံမှုကို မရရှိတော့သည့် အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်ဆောင်ရွက်ခဲ့မှုများအပေါ် စိတ်ပျက်နောင်တရမှုများနှင့်အတူ ၎င်းတို့အဖွဲ့အတွင်း အနိုင်ကျင့်ဗိုလ်ကျမှုများကို လက်ခံနိုင်ခြင်းမရှိတော့ဘဲ တပ်မတော်၏သဘောထားအမှန်ကို နားလည်သဘောပေါက်လာကြသည့် PDF အဖွဲ့ဝင်အချို့သည် နီးစပ်ရာစစ်ကြောင်းများနှင့်ဆက်သွယ်၍ ဥပဒေဘောင်အတွင်းသို့ လက်နက်ခဲယမ်းများနှင့်အတူ ဝင်ရောက်မှုများလုပ်ဆောင်လာကြသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်နေရာများအား ဒေသခံပြည်သူများနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များ၏ သတင်းပေးပို့မှုများကို စနစ်တကျပေါင်းစပ်သုံးသပ်ပြီး နယ်မြေသတင်းဖော်ထုတ်၍ မန္တလေး -မတ္တရာ -စဉ့်ကူး-သပိတ်ကျင်းဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာသွားလာနိုင်ရေးအတွက်နယ်မြေလုံခြုံရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ရာ မန္တလေး -မတ္တရာ- စဉ့်ကူး - သပိတ်ကျင်းဆက်သွယ်ရေးလမ်းကြောင်းအား ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်လည်းကောင်း၊ သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ နယ်မြေခံတပ်ရင်းဌာနချုပ်နှင့် စိန်ကုန်းကျေးရွာ ဒေသတစ်ဝိုက်တို့အား ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်လည်းကောင်း၊ ကင်းကျေးရွာနှင့် ရန်သူ့စခန်းကုန်းနေရာတို့အား ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လည်းကောင်း အသီးသီးပြန်လည်ထိန်းချုပ်သိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါ သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတွင် ကျန်ရှိနေသည့်လမ်းပိုင်းနေရာအား စစ်ကြောင်းများခွဲ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို ဟန်ချက်ညီဆောင်ရွက်ခဲ့ရာ ကင်းရွာဘက်မှ ချီတက်လာသည့်စစ်ကြောင်းသည် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မလဲပေါက်ကျေးရွာအနီးရှိ ရည်မှန်းချက်နေရာနှင့် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မလဲပေါက်ကျေးရွာအားလည်းကောင်း၊ အုန်ဒန်ကျေးရွာဘက်မှချီတက်လာသည့်စစ်ကြောင်းသည် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် အောင်ဗဒါန်းကျေးရွာ၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် စိန်အင်းကျေးရွာ၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ရွှေညောင်ပင်ကျေးရွာတို့အားလည်းကောင်း သိမ်းပိုက်နိုင်ခဲ့ကာ အဆိုပါ တပ်မတော်စစ်ကြောင်းများသည် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် မလဲပေါက်ကျေးရွာ၌ လက်ချင်းချိတ်ဆက်ပေါင်းဆုံနိုင်ခဲ့သဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေး လမ်းကြောင်းတစ်ခုလုံးကို အပြည့်အဝ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး အဆိုပါလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် မန္တလေး-စဉ့်ကူး-မတ္တရာ-သပိတ်ကျင်း - မိုးကုတ်ဒေသတစ်ဝိုက် တည်ငြိမ်အေးချမ်းရေးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများပေါ်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာသွားလာအသုံးပြုနိုင်ရေးအတွက် ရွပ်ရွပ်ချွံချွံ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲများဖြစ်ပွားခဲ့၍ တပ်မတော်မှ အရာရှိ/စစ်သည်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရပြီး အချို့ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ယင်းသို့ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားခဲ့သည့်ဆက်သွယ်ရေးလမ်းကြောင်းများကို တပ်မတော်က ပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ခဲ့သည့်အတွက် မော်တော်ယာဉ်များ ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီဖြစ်ပြီး ဒေသတွင်း ကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပြီဖြစ်ကာ ပညာရေး၊ ကျန်းမာရေး စသည့် ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် တပ်မတော်အပေါ် များစွာဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်လျက်ရှိကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် မြို့/ရွာများနှင့် ဆက်သွယ်ရေးလမ်းကြောင်းများကိုပြန်လည်သိမ်းပိုက်ပြီး နယ်မြေရှင်းလင်းချီတက်လာသော တပ်မတော်စစ်ကြောင်းများအား အကြမ်းဖက်သောင်းကျန်းသူများ၏မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက လမ်းကြောင်းတစ်လျှောက်လုံး၌ အောင်သပြေပန်းများ၊ ပန်းကုံးများ ကိုင်ဆောင်ကာ အိုးစည်ဒိုးပတ်များ တီးခတ်၍ အကအလှများဖြင့် သောင်းသောင်းဖြဖြ ဝမ်းပန်းတသာ ကခုန်ကြိုဆိုခဲ့ကြသည့် တပ်မတော်နှင့် ပြည်သူ တစ်သားတည်းဖြစ်ပေါ်နေသော မြင်ကွင်းကို ကြည်နူးဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါဒေသများအတွင်း လိုအပ်သည့် နယ်မြေစိုးမိုးရေးလုပ်ငန်းများဆောင်ရွက်ကာ အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် လမ်းတံတားများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဒေသခံပြည်သူများ၏ နေအိမ်အဆောက်အအုံများ၊ စာသင်ကျောင်းများ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့်ပူးပေါင်း၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဒေသအတွင်းကုန်စည်ကူးသန်းရောင်းဝယ်မှု လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ခရီးသွားပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် အန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ရေးတို့အတွက် ဒေသခံပြည်သူများနှင့်လက်တွဲကာ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)








တပ်မတော်စစ်ကြောင်းများအား အကြမ်းဖက်သောင်းကျန်းသူများ၏ မတရားနှိပ်စက်ညှဉ်းပန်းမှုဒဏ်ကို ခါးသီးစွာခံစားခဲ့ရသည့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုစဉ်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၄ ဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင်တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဗီယက်နမ်နိုင်ငံသား ၂၂ ဦးနှင့် စင်ကာပူနိုင်ငံသား နှစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၂၄ ဦးတို့အား မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့် တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံရုံးမှ Counsellor Ms. Hoang Diem Hanh နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံသံရုံးမှ First Secretary Mr. Kenneth LUI နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၅၁ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၁၇၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၉၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သောနိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသောနိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

**နိုင်ငံတကာသတင်း**

## ထရမ့်က ဂရင်းလန်းကျွန်း၌ အမေရိကန်အလံ ကိုင်ထားသည့်ပုံကို လူမှုမီဒီယာပေါ်၌တင်ထား




**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ဂရင်းလန်းကျွန်း၌ အမေရိကန်အလံကိုင်ထားသည့်ပုံကို ဇန်နဝါရီလ ၂၀ ရက်တွင် Truth Social လူမှုမီဒီယာပေါ်၌တင်ထားကြောင်း သိရသည်။

အဆိုပါပုံတွင် ဒေါ်နယ်ထရမ့်က အမေရိကန်အလံကိုကိုင်ထားပြီး ၎င်းနှင့်အတူ အမေရိကန်ဒုတိယသမ္မတ ဂျေဒီဗန့်နှင့် နိုင်ငံခြားရေးဝန်ကြီး မာကိုရူဘီယိုလည်း ပါဝင်သည်။ ၎င်းတို့၏အနီးတွင် "၂၀၂၆ ခုနှစ်တွင် တည်ထောင်လိုက်သည့် အမေရိကန်နိုင်ငံ၏ပိုင်နက်နယ်မြေ ဂရင်းလန်းကျွန်း" ဟုအမှတ်အသားပြုထားသော ဆိုင်းဘုတ်တစ်ခုကိုလည်း ထောင်ထားသည်။

အလားတူ ဇန်နဝါရီလ ၂၀ ရက်မှာပင် ထရမ့်သည် ဘဲဥပုံရုံးခန်း၌ ဥရောပဒေသမှခေါင်းဆောင်များနှင့် တွေ့ဆုံမှုပြုလုပ်နေစဉ် ၎င်း၏နောက်တွင် အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဂရင်းလန်းနှင့် ဗင်နီဇွဲလားတို့ကို အမေရိကန်အလံအောက်တွင်ရှိကြောင်းဖော်ပြထားသည့်ပုံကိုပါ လူမှုမီဒီယာ၌တင်ထားသည်ကိုတွေ့ရသည်။

ထို့ပြင် ထရမ့်သည် ဂရင်းလန်းကျွန်းအရေးနှင့်ပတ်သက်၍ NATO တပ်ဖွဲ့၏ အတွင်းရေးမှူးချုပ် မာ့ရတ်နှင့်တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးကြောင်းပြောထားသည်။ ထို့အတူ "အားလုံးသိပြီးတဲ့အတိုင်း ဂရင်းလန်းက အမျိုးသားရေးနဲ့ကမ္ဘာ့လုံခြုံရေးအတွက် အရေးပါတဲ့အတွက် နောက်ပြန်လှည့်သွားမှာမဟုတ်ပါဘူး"ဟု ထရမ့်က ရေးထားသည်။ **Ref: Xinhua**

## ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ဝင်နေရာအတွက် တရုတ်နိုင်ငံလည်း ဖိတ်ကြားခြင်းခံရဟုဆို

**ပေကျင်း၊ နိုင်ငံရေး**

ဂါဇာဒေသ၌ စစ်ပြီးကာလအုပ်ချုပ်ရေးနှင့်ပြန်လည်တည်ဆောက်ရေးကို ကြီးကြပ်နိုင်ရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့် အဆိုပြုထားသော ငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် အဖွဲ့ဝင်နေရာအတွက် အမေရိကန်အစိုးရက တရုတ်နိုင်ငံကိုဖိတ်ကြားမှုပြုလုပ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဇန်နဝါရီလ ၂၀ ရက်တွင်အတည်ပြုထားသည်။

အဆိုပါဖိတ်ကြားမှုအပေါ် တရုတ်နိုင်ငံကလက်ခံခြင်းရှိ၊ မရှိကို အတည်ပြုထားခြင်းမရှိသော်လည်း တရုတ်နိုင်ငံနှင့် အမေရိကန် နိုင်ငံတို့ကြား ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည်ဖြစ်ပြီး ထိပ်တိုက်တွေ့ဆုံမှုက နှစ်ဦးစလုံးကို ထိခိုက်နာကျင်စေမည်ဖြစ်သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဂိုကျာကွန်းက ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ထိုဘုတ်အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ရယူသွားမည်ဖြစ်ပြီး ဘုတ်အဖွဲ့အနေဖြင့် ဂါဇာသို့ပေးသောငွေကြေးများထောက်ပံ့မှု၊ ဂါဇာလုံခြုံရေးအခြေအနေနှင့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုဘုတ်အဖွဲ့သည် ဂါဇာအရေးကိုဖြေရှင်းပြီးပါက ကမ္ဘာတစ်ဝန်းရှိ အခြားသောပဋိပက္ခများကိုလည်း ဖြေရှင်းသွားမည်ဖြစ်ကြောင်း အမေရိကန်အစိုးရက ထုတ်ပြန်ထားသည်။

**Ref: RT**

## အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုတို့က အပေးအယူဖြင့်ညှိနှိုင်းနိုင်သည့်ကိစ္စမဟုတ်ဟု ဥရောပသမဂ္ဂပြော

**ဘရပ်ဆဲ၊ နိုင်ငံရေး**

ဥရောပသမဂ္ဂသည် ဂရင်းလန်းဒေသ၊ ဒိန်းမတ်နိုင်ငံတို့နှင့် တစ်သားတည်းရပ်တည်ကြောင်း၊ ၎င်းတို့၏အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲမှုတို့သည် အပေးအယူဖြင့်ညှိနှိုင်းနိုင်သည့် ကိစ္စရပ်မဟုတ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလေယန်က ဇန်နဝါရီလ ၂၀ ရက်တွင်ပြောသည်။

ထို့ပြင် ဥရောပသမဂ္ဂသည် မဏ္ဍိုင်ကြီး ၅ ရပ်အပေါ်အခြေခံ၍ အာတိတ်လုံခြုံရေးအကူအညီပေးရေးအစီအစဉ်ကို စီစဉ်ထားကြောင်း ဒါဗို့မြို့၌ပြုလုပ်သည့် ကမ္ဘာ့စီးပွားရေးဖိုရမ်၏ အထူးမိန့်ခွန်းအစီအစဉ်တွင် ဗွန်ဒါလေယန်ကပြောခြင်းဖြစ်သည်။

အဆိုပါအကူအညီပေးရေးအစီအစဉ်၌ ဂရင်းလန်း၏ စီးပွားရေးနှင့်အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ခြင်း၊ ဥရောပ၏ရေခဲခွဲစွမ်းရည်တိုးတက်စေရန် ကာကွယ်ရေးအသုံးစရိတ်ကိုတိုးမြှင့်ခြင်းတို့ပါဝင်ကြောင်း ၎င်းက ဆက်ပြောသည်။

အလားတူ ဥရောပသည် လုံခြုံရေးဗိသုကာပုံစံအသစ်နှင့် ပကတိအခြေအနေများကိုချိန်ညှိရမည်ဖြစ်ကြောင်း၊ ဥရောပအနေဖြင့် ကိုယ်ပိုင်လုံခြုံရေးမဟာဗျူဟာတည်ထောင်ရန်ပြင်ဆင်နေကြောင်း၊ ထိုမဟာဗျူဟာ၌ အဆင့်မြှင့်ထားသောအာတိတ်ဒေသမဟာဗျူဟာလည်းပါဝင်ကြောင်း၊ ယင်းမဟာဗျူဟာကို ယခုနှစ်ကုန်၌ တရားဝင်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း၊ ဂရင်းလန်းဒေသနှင့်ပတ်သက်၍ အရေးအကြီးဆုံးအချက်မှာ ထိုဒေသရှိပြည်သူများအနေဖြင့် ၎င်းတို့၏အနာဂတ်ကို ၎င်းတို့ကိုယ်တိုင်ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ဗွန်ဒါလေယန်ကပြောသည်။ **Ref: Xinhua**

## ယနေ့ကမ္ဘာ့စနစ်က အားကြီးသူ နိုင်စတမ်းပုံစံဖြစ်လာနေပြီဟု ဆာဂျီလက်ရော့ပြော

**မော်စကို၊ နိုင်ငံရေး**

ယနေ့ဖြစ်ပေါ်နေသော ကမ္ဘာ့စနစ်ကြီးသည် အားကြီးသူနိုင်စတမ်းဟူသော ပုံစံဖြစ်လာနေပြီဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဇန်နဝါရီလ ၂၀ ရက်တွင်ပြောသည်။

"အနောက်နိုင်ငံတွေအတွက်သင့်လျော်တဲ့ကမ္ဘာ့စနစ်ကို ကျောထောက်နောက်ခံပေးထားတဲ့ စည်းမျဉ်းစည်းကမ်းများရှိပါတယ်။ အခုတော့ အဲဒီစည်းမျဉ်းစည်းကမ်းများအားလုံး ပျက်စီးသွားပါပြီ။ အားကြီးသူနိုင်စတမ်းဆိုတဲ့ ကစားပွဲပုံစံပြောင်းလဲသွားတာကိုလည်း မိမိတို့အားလုံးကမြင်တွေ့နေရပါတယ်။ ဒီအခြေအနေရဲ့ အကျိုးဆက်ကို ကမ္ဘာ့တောင်ခြမ်းနဲ့ ကမ္ဘာ့အရှေ့ခြမ်းသာမက အနောက်ကမ္ဘာကိုယ်တိုင်ကပါခံစားနေရပါပြီ" ဟု လက်ရော့က သတင်းစာရှင်းလင်းပွဲ၌ပြောထားခြင်းဖြစ်သည်။ ယူကရိန်းအရေးတွင်လည်း သံတမန်ရေးနည်းဖြင့်ပြေလည်အောင် ဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားနိုင်ငံကကတိပြုထားသည်ဟု လက်ရော့ကဆက်ပြောသည်။ **Ref: Sputnik**

● စာမျက်နှာ ၁၇ မှအဆက်

**စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေး**

နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရာတွင် စွမ်းရည်စွမ်းအားများ ပြည့်ဝနေရန်လိုအပ်မည်ဖြစ်သဖြင့် စွမ်းအားရှိသည့်တပ်ဖြစ်စေရေး နိုင်ငံတော်မှ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော် (ကြည်း၊ရေ၊လေ) တပ်ဖွဲ့များအားလုံးကို ခေတ်နှင့်အညီ အဆင့်မီတိုးတက်နေစေရေး စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နေ့စဉ်နှင့်အမျှတိုးတက်ပြောင်းလဲလာသည့် စစ်ဘက်ဆိုင်ရာနည်းပညာများ၊ အသုံးအဆောင်ပစ္စည်းများကိုဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စွမ်းရည်ရှိသည့် တပ်မတော်သားများဖြစ်စေရေးအတွက်လည်း လေ့ကျင့်ရေးတာဝန်များကို မှန်မှန်ကန်ကန် ထမ်းဆောင်သွားကြရန် လိုကြောင်း။

စွမ်းရည်ရှိပြီး အရည်အချင်းရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားတစ်ဦးချင်း၏အဆင့်များအလိုက် အသိပညာ၊ အတတ်ပညာများရှိရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ ခေါင်းဆောင်အဖြစ်တာဝန်ထမ်းဆောင်နေသူများအနေဖြင့် မိမိနိုင်ငံနှင့်သက်ဆိုင်သော ဗဟုသုတများ၊ နိုင်ငံတကာနှင့်သက်ဆိုင်သည့် ဗဟုသုတများ၊ တိုင်းရင်းသားရေးရာဗဟုသုတများ သိရှိနေရန်လိုအပ်သဖြင့် အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ အရည်အချင်းရှိသည့် တပ်မတော်ဖြစ်စေရေး တပ်မတော်သားများအားလုံး အတန်းပညာမြင့်မားရေးကိုလည်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ခေတ်သစ်စစ်ပွဲများတွင်အသုံးပြုသည့် စစ်အသုံးအဆောင်ပစ္စည်းများကို အသုံးပြုနိုင်ရန်အတွက် အတန်းပညာရှိသည့်စစ်သည်များ လိုအပ်ကြောင်း၊ ထို့ကြောင့် တပ်မတော်သားများအားလုံး အတန်းပညာမြင့်မားရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ အားလုံးအနေဖြင့် အဆင့်အလိုက်တတ်မြောက်ရမည့်အတတ်ပညာများ တတ်မြောက်စေရေးအတွက်လည်း တန်းမြင့်သင်တန်းကျောင်းများတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ အတတ်ပညာများရရှိစေရေး အတန်းပညာများကိုသင်ကြားရန်လိုသကဲ့သို့ အသိပညာရှိရန်အတွက် စာအုပ်စာပေများကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ အတန်းပညာ၊ အတတ်ပညာရှိမှ လူတော်ဖြစ်လာမည်ဖြစ်ပြီး အသိပညာရှိမှသာလျှင်လည်း လူကောင်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများကို ပြန်လည်လေ့လာကြည့်မည်ဆိုပါက အခြေခံအားဖြင့် တစ်ဦးချင်းအတန်းပညာအားနည်းမှုများကြောင့် ဖြစ်ပေါ်ခဲ့ရသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ အတန်းပညာများအားနည်းမှုကြောင့် စည်းကမ်းလိုက်နာမှုနှင့် တွေးခေါ်မြော်မြင်မှုများနည်းပါးခြင်း၊ နိုင်ငံရေးနှင့် နိုင်ငံ့အရေးကို ကွဲပြားစွာ သိမြင်နိုင်မှုမရှိခြင်းတို့ကြောင့် ဘေးပယောဂများ၊ လှုံ့ဆော်သွေးထိုးမှုများအကြားတွင် ပဋိပက္ခများဖြစ်ပေါ်ခဲ့ရခြင်းဖြစ်ကြောင်း၊ အတန်းမြင့်မားသူများအနေဖြင့် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကိုခံယူထားရပြီး စည်းကမ်းစနစ်တကျဖြင့် အတန်းပညာများသင်ယူခဲ့ရသောကြောင့် များသောအားဖြင့် စည်းကမ်းကောင်းမွန်သူများဖြစ်ကြသည်ကို လေ့လာတွေ့ရှိရကြောင်း၊ တပ်မတော်တွင်စည်းကမ်းသည်တပ်မတော်၏ကျောရိုးဖြစ်ပြီး စိတ်ဓာတ်များလည်း ကောင်းမွန်နေရန်လည်းလိုကြောင်း၊ စည်းကမ်းနှင့် စိတ်ဓာတ်ကောင်းမွန်သူများသာလုပ်ငန်းတာဝန်များနှင့်ရည်မှန်းချက်များ အောင်မြင်မှုများရရှိသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် စည်းကမ်းကောင်းသည့် တပ်များနှင့် တပ်မတော်သားများဖြစ်စေရေးကြပ်မတ်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်၌ နိုင်ငံတော်၏ ကုန်သွယ်မှုလိုငွေပြမှုမြင့်မားသဖြင့် မိမိတို့အနေဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ကုန်သွယ်မှုလိုငွေမှာလျော့နည်းလာခဲ့ကြောင်း၊သို့သော်စီးပွားရေးတိုးတက်မှု ပိုမိုရရှိအောင် ဆောင်ရွက်ရဦးမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးတက်လာစေရေး တပ်မတော်သားများအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ပန်းတိုင်ရည်မှန်းချက်မပြည့်မီမှုကြောင့် နှစ်စဉ်အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဆုံးရှုံးရလျက်ရှိကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၌ ကုန်ထုတ်လုပ်မှုများတိုးတက်လာပြီး နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာရှင် လူသားအရင်းအမြစ်များလိုအပ်မည်ဖြစ်သဖြင့် ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအနေဖြင့်တာဝန်ထမ်းဆောင်သည့် ၅ နှစ်တာကာလအတွင်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ၊ သဘာဝဘေးဒဏ်များဖြစ်ပေါ်ခဲ့မှုများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့မှုများကြားမှ အခက်အခဲများ၊ အကျပ်အတည်းများစွာကို ကျော်ဖြတ်၍ နိုင်ငံတော်၏စီးပွားရေးကို တိုးတက်အောင် ဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတစ်နိုင်ငံတွင် ကာကွယ်ရေးအတွက် အင်အားတောင့်တင်းသည့် တပ်မတော်တစ်ခုရှိရမည်ဖြစ်ပြီး တပ်မတော်အင်အားမတောင့်တင်းပါက ပြည်ပမှစွက်ဖက်ခြင်းများကိုခံရနိုင်သဖြင့် စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရေးကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများသည် တိုင်းရင်းသားပြည်သူများမှ ပေါက်ဖွားလာသူများဖြစ်သဖြင့် စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ထို့ပြင် **မိမိတို့နိုင်ငံတည်ရှိနေသည့်ပထဝီအနေအထားအရ ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံးအနေဖြင့်စည်းလုံးညီညွတ်မှုရှိရန်နှင့်နိုင်ငံတော်ကာကွယ်ရေးကို စုစည်းညီညွတ်သည့်အားဖြင့် တည်ဆောက်နိုင်ရမည်ဖြစ်**ကြောင်း၊ တပ်မတော်သားအားလုံးအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေသကဲ့သို့ ဗဟုသုတရရှိစေမည့် စာအုပ်စာစောင်များဖတ်ရှုခြင်း၊ ပြည်တွင်းပြည်ပသတင်းများအား ကြည့်ရှုလေ့လာခြင်းများ ပြုလုပ်ခြင်းဖြင့် အသိပညာဗဟုသုတများ မြင့်မားလာပြီး ဆင်ခြင်တုံတရားများလည်း မြင့်မားလာမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတော်နှင့် နိုင်ငံသားများက အားကိုးအားထားရသည့် တန်ဖိုးရှိသည့်တပ်မတော်သားများ ဖြစ်လာမည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်များ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ လက်ခံတွေ့ဆုံ



နေပြည်တော် ဇန်နဝါရီ ၂၀

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် (၉)ကြိမ်မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲကော်မတီ အစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်၌ ရောက်ရှိနေသည့် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးဦးစီးဌာန Additional Secretary Sh. Nitin Kumar Yadav တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးတွဲကုန်သွယ်ရေးကော်မတီအစည်းအဝေးတွင်မြန်မာ-အိန္ဒိယ နှစ်နိုင်ငံစလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့်ရလဒ်ကောင်းများ ပေါ်ထွက်လာစေရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းစဉ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ သက်တမ်းတိုးမြှင့်နိုင်ရေး၊ မြန်မာ့ပဲမျိုးစုံအပါအဝင် စိုက်ပျိုးရေးထွက်ကုန်များ အိန္ဒိယနိုင်ငံသို့ ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်မှုတွင် နှစ်နိုင်ငံငွေကြေးများ အသုံးပြုမှုအဆင်ပြေချောမွေ့စေရေးအတွက်ပူးပေါင်းဆောင်ရွက်သွားရေးနှင့် နှစ်ဖက်စီးပွားရေးလုပ်ငန်းရှင်များ အပြန်အလှန်ကူးလူးဆက်ဆံမှုများကို တွန်းအားပေးဆောင်ရွက်သွားရေး တို့ကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)တွင်ပါဝင်သော တနင်္သာရီတိုင်းဒေသကြီးအတွင်းမြို့များသို့ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ရေလမ်းခရီးဖြင့်သယ်ယူပို့ဆောင်နေမှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)တွင်ပါဝင်သော ပုလော၊ ပလောက်မြို့တို့သို့ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ရေလမ်းခရီးဖြင့် ပို့ဆောင်ရန်အတွက် ယနေ့ နံနက်ပိုင်းတွင် မြိတ်မြို့ဆိပ်ငယ်တံတား၌ စက်လှေများပေါ်သို့ MEVM စက်များ သယ်ယူနေရာချထားခြင်းလုပ်ငန်းများဆောင်ရွက်ကြသည်။

